# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၂)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# တပ်မတော်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းဆောင်ရွက်သော ကိုကိုးကျွန်းမြို့ ရေစစ်ကန်ဖွင့်ပွဲကျင်းပ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယနေ့ နံနက်ပိုင်းတွင် တပ်မတော်နှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းဆောင်ရွက်သော ကိုကိုးကျွန်းမြို့ ဂါလန် ၄၀၀၀၀ ဆံ့ ရေစစ်ကန်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ ဂါလန် ၄၀၀၀၀ ဆံ့ ရေစစ်ကန်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် နယ်မြေခံရေတပ်တပ်မှူးတို့က ရေစစ်ကန်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေစစ်ကန် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ရေစစ်ကန်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ရေစစ်ကန်တည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ ရေနောက်ကျိမှုနှုန်း ၄၃ NTU ဖြစ်၍ ၁၀ NTU အထိ လျှော့ချရန်၊ အရောင် ၆၀ TCU ဖြစ်၍ ၂၀ TCU အထိ လျှော့ချရန်၊ အနံ့အရသာ အနေဖြင့် အနည်အနှစ်များ၊ ရေတွင်ပါဝင်သော ရေညှိ၊ ဗက်တီးရီးယား များကြောင့် ပျက်ယွင်းနေခြင်းအား သန့်စင်ပေးရန်၊ သံဓာတ်ပါဝင်မှုနှုန်း များပြားနေခြင်းအား လျှော့ချရန်တို့ဖြစ်ပြီး ရေစစ်ကန်သည် အတိုင်း အတာအားဖြင့် အလျား ၂၅ ပေ၊ အနံ ပေ ၃၀ ၊ အမြင့် ၂၂ ပေဖြစ်ကာ သိုလှောင်နိုင်သော ရေပမာဏမှာ ဂါလန် ၄၀၀၀၀ ဖြစ်သည်။ ထို့အပြင် ရေစစ်နှုန်းမှာ ၁ နာရီ ၁၅၀၀ ဂါလန်နှုန်း ဖြစ်သည်။

### တက်ရောက်အားပေး

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင် များသည် ကိုကိုးကျွန်းမြို့ မြို့တွင်းကတ္တရာလမ်း (၆)လမ်း ပေ ၇၅၀၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာ လွှတ်တော်ဆိုင်ရာသမဂ္ဂ (IPU) ညီလာခံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၈**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယူဂန္ဓာနိုင်ငံ ကန်ပါလာမြို့၌ ကျင်းပသည့် (၁၂၆) ကြိမ်မြောက် နိုင်ငံတကာ လွှတ်တော်ဆိုင်ရာသမဂ္ဂ (Inter-Parliamentary Union-IPU) ညီလာခံသို့ တက်ရောက် ခဲ့ပြီး ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးနု၊ ပြည်သူ့ လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးအောင်ဆန်း၊ အမျိုးသားလွှတ်တော်ဘဏ္ဍာ ရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါ သွားသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုင်းအဝန်း ရေးရာကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

## မိုးရွာသွန်းမှုများ

**၈-၄-၂၀၁၂**

| | |
|---|---|
| ပုသိမ်ကြီးမြို့ | ၂ ဒသမ ၇၈ လက်မ |
| မန္တလေးမြို့ | ၁ ဒသမ ၉၆ လက်မ |
| စစ်ကိုင်းမြို့ | ၁ ဒသမ ၈၉ လက်မ |
| တံတားဦးမြို့ | ၁ ဒသမ ၆၁ လက်မ |
| ကျောက်ဆည်မြို့ | ၁ ဒသမ ၅၃ လက်မ |
| မြိတ်မြို့ | ၁ ဒသမ ၂၂ လက်မ |

## နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

## မြန်မာ့အလင်း သတင်းအညွှန်း

စင်ကာပူ၌ ရေအောက်ကားလမ်းဥမင်လိုဏ်ခေါင်း ၂၀၁၂ ခုနှစ်ကုန်၌ တည်ဆောက်မှုပြီးစီးမည် စာ - ၄

**ရေကစားမလွှာပ်တွေက အပြိုင်အဆိုင်**

စာ - ၆

အဆိုတော်ဂျပ်စတင်ဘီဘာ ထရီဘက်ကာရုပ်ရှင်ပွဲတော်၌ သီဆိုမည် စာ - ၁၁

ပန်းချီဆရာ အင်ဒီဝါဟိုးလ်၏ ပန်းချီကား နယူးယောက်မြို့၌ လေလံတင်ရောင်းချမည် စာ - ၄



ကမ္ဘာကျော်တင်းနစ်မယ် ဆီရီနာဝီလျံ Family ဖလားဗိုလ်လုမည် စာ - ၇

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၉ ရက်)

# တွေးတောကြံဆ လူ့ဘဝ

လူတို့သည် အလုပ်တစ်ခု လုပ်မည်ဆိုလျှင် ဦးစွာလုပ်ကိုင်ရသော အလုပ်မှာ တွေးခေါ်စဉ်းစားခြင်းပင်ဖြစ်၏။ တွေးခေါ်စဉ်းစားသည့်အလုပ်သည် ထိုလုပ်ကိုင်မည့်အလုပ်အပေါ် စိတ်ကူးဖြင့် ဦးစွာ ပုံဖော်ခြင်းပင်ဖြစ်၏။ ကောင်းမကောင်း၊ သင့်မသင့်၊ ဖြစ်မဖြစ်ဆိုသည်ကို ဆင်ခြင်သုံးသပ်ရ၏။ တွေးတောကြံစည်ရ၏။ ထိုသို့ ဆင်ခြင်သုံးသပ်တွေးတော ကြံစည်ခြင်းသည် လုပ်ငန်းအောင်မြင်စေခြင်း၏ ကနဦးအစပေတည်း။

ဆင်ခြင်သုံးသပ်တွေးတောကြံဆခြင်းမရှိဘဲ လုပ်ကိုင်သည့် အလုပ်သည် မှားယွင်းနိုင်၏။ အောင်မြင်မှုရရန်လည်း ခဲယဉ်း၏။ လုပ်ငန်းဆုံးရှုံးနစ်နာမှုများပင် ဖြစ်နိုင်သေး၏။ အကြံကောင်းလျှင်တစ်ချက် ဆိုသည့် စကားနှင့်အညီ စိတ်ကူးကောင်း၊ အကြံကောင်းလျှင် အောင်မြင်မှုကိုရနိုင်သည်။ ၎င်းမှာ အလုပ်မလုပ်မီ တွေးတောကြံစည်မှု ပြုသင့်ကြောင်းကို ဖော်ပြနေ၏။ အတွေးအခေါ် အကြံအစည်ကောင်း၍ အောင်မြင်တိုးတက်မှုများစွာရှိ၏။ ထို့ကြောင့်ပင် ခရုမှာအဆန် လူမှာအကြံဟု ဆိုကြ၏။

သို့သော်အချို့မှာ တွေးတောကြံစည်မှုအားနည်း၏။ လူနည်းစုလောက်သာ တွေးခေါ်မြော်မြင်ခြင်းဖြင့် အလုပ်လုပ်ကြ၏။ ''ကျွန်တော်တို့က သူတို့လုပ်တဲ့အတိုင်းလုပ်တာပါပဲ။ ဖြစ်တာ မဖြစ်တာတော့ မသိဘူး ကံတရားပေါ့'' ဟူ၍ဆိုသူတွေ အလွန်များ၏။ သူများပြောသည့်အတိုင်း၊ သူများလုပ်သည့်အတိုင်း လုပ်ကိုင်နေကြသဖြင့် သူများမှားလျှင် ကိုယ်လည်းလိုက်မှားရန်သာရှိ၏။ သူများကျရှုံးလျှင် ကိုယ်လည်း ကျရှုံးရန်သာရှိ၏။ ထို့ကြောင့် ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားလုပ်ကိုင်ခြင်းသည် အကောင်းဆုံးဖြစ်၏။ ''ဒီလူ့နှယ်နော်... အတွေးအခေါ်ကိုမရှိဘူး ဓားမနောက်ပိတ်ခွေး၊ သူများနောက်လိုက်'' စသည်ဖြင့် လူကြီးသူမများက စဉ်းစဉ်းစားစား လုပ်ကိုင်သင့်ကြောင်းကိုလည်း မကြာမကြာပြောသဖြင့် ကြားဖူး၏။

မိမိကြံစည်တွေးခေါ်သည့် အယူအဆတစ်ခုသည် မှန်ကန်ရန် လွန်စွာအရေးကြီးသည်။ အတွေးအခေါ်မှားယွင်းလျှင် အလုပ်လည်းမှားနိုင်၏။ ထို့ကြောင့် မိမိအကြံအစည်အတွေးအခေါ်ကို မိမိထက်တတ်သိကျွမ်းကျင်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် တိုင်ပင်နှီးနှောရမည်။ ယင်းတို့၏ ထောက်ခံအကြံပေးမှုကို ရယူရ၏။ သို့မှသာ ကြံစည်တွေးတောလုပ်ကိုင်သည့် အလုပ်တစ်ခုသည် လမ်းကြောင်းမှန်ဖြစ်နိုင်၏။ မိမိအထင်နှင့် လုပ်ကိုင်ခြင်းကြောင့် ပြဿနာများစွာ ပေါ်ပေါက်နိုင်၏။ အများသဘောနှင့် မိမိဆန္ဒ နှစ်မျိုးဆက်စပ်လုပ်ကိုင်သင့်၏။

တစ်ဖန် စဉ်းစားတွေးခေါ်ရာတွင်လည်း ဘက်စုံထောင့်စုံမှ တွေးခေါ်သင့်၏။ ရှုထောင့်တစ်ခုတည်းမှ တွေးခေါ်လျှင်၊ ရှုမြင်လျှင် အတွေးအခေါ်လွဲချော်နိုင်၏။ ဟာကွက်၊ ပျော့ကွက်များ ဖြစ်လာနိုင်၏။ ယိုပေါက်၊ ဟာပေါက်ကြောင့် လုပ်ငန်းဆုံးရှုံးနိုင်၏။ ထို့ကြောင့် အကြောင်းအရာတစ်ခုအပေါ် စဉ်းစားရာတွင် ကောင်း၊ မကောင်း၊ သင့် မသင့်၊ ဖြစ် မဖြစ်ဆိုသည့် ရှုထောင့်စုံမှ စဉ်းစားတွေးခေါ်လုပ်ကိုင်ရန် လိုအပ်ပါသည်။

ယနေ့ခေတ်သည် တိုးတက်ပြောင်းလဲနေသည့် ခေတ်ကြီးဖြစ်နေပါပြီ။ လူငယ်လူရွယ်တို့သည် ခေတ်နှင့်အညီ ဆန်းသစ်သော အတွေးအခေါ်များရှိရမည်။ ခေတ်နောက်ကျသော အတွေးအခေါ်များ ခေါင်းထဲမှ ထုတ်ပစ်ရန်လိုအပ်သည်။ အလုပ်လုပ်သည်ဖြစ်စေ၊ ပညာရှာသည်ဖြစ်စေ စဉ်းစားပါ၊ တွေးခေါ်ပါ။ များများစဉ်းစား၊ များများတွေးခေါ်ပါ။ တွေးခေါ်မြော်မြင်တတ်သည့် အလေ့အထကို လူတိုင်းမွေးမြူကြပါ။ အတွေးအခေါ်၊ အယူအဆ၊ အကြံအစည်များသည် လူ့ဘဝကို တိုးတက်ပြောင်းလဲနိုင်၍ တွေးခေါ်မြော်မြင်ကြံဆလုပ်ကိုင်တတ်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မိဘမေတ္တာ နန့်ဟန်ချောင်းကူးတံတား မိုးညှင်းမြို့နယ်၌ ဖွင့်

**မိုးညှင်း ဧပြီ ၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မိဘမေတ္တာ နန့်ဟန်ချောင်းကူးတံတား ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါတံတားထိပ် ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ရွေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်းနှင့် အလှူရှင် ရွှေမြစ်ဆုံအင်အားသစ် ကျောက်မျက်ကုမ္ပဏီမှ ဦးမိုးကျော်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တံတားမှာအလျားပေ ၁၂၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ၁၇ ပေရှိပြီး သံကူကွန်ကရစ် ရေလယ်တိုင်ခံသစ်သားတံတားအမျိုးအစားဖြစ်သည်။ အဆိုပါ တံတားကို မန္တလေးမြို့နေ ဦးမြစိန်၊ ဒေါ်တင်ဦး(ရွှေမြစ်ဆုံအင်အားသစ် ကျောက်မျက်ကုမ္ပဏီ)က ငွေကျပ်သိန်း ၁၆၀ နှင့် ကျေးရွာပြည်သူများက ငွေကျပ်သိန်း ၁၄၀ ဖြင့် အကုန်အကျခံပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (ဝဇိ)

## ပုဏ္ဏားကျွန်းမြို့ရှိ ဦးရာဇ်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ပုဏ္ဏားကျွန်း ဧပြီ ၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၃၀ ရက်မှ ဧပြီ ၂ ရက် အထိကျင်းပခဲ့သည်။ ဗုဒ္ဓပူဇနိယပွဲတော်တွင် လှေပြိုင်ပွဲကျင်းပကာ ဆုပေးပွဲအခမ်းအနားကို ဧပြီ ၂ ရက် ညနေ ၅ နာရီက ကျင်းပခဲ့သည်။



အခမ်းအနားတွင် အောင်ပွဲရပြိုင် လှေသမားများနှင့် သံချပ်နှင့်ဟန်ရေးပြဆုရ ပြိုင်လှေသမားများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ (ဓါတ်ပုံ)

(မြန်မာ့အလင်း)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အလိမ္မာစာကြည့်တိုက် ဂန့်ဂေါမြို့၌ဖွင့်

**ဂန့်ဂေါ ဧပြီ ၈**

ရှေးဟောင်းသမိုင်းဝင် ဂန့်ဂေါမြို့ ရွှေပြည်ဆိပ်ဦးစေတီတော် ပရိဝုဏ်၌ ဂန့်ဂေါမြို့ မြို့မရပ်ကွက်နေ ဦးကျော်တင်နှင့် ဇနီးဒေါ်ဌေးဌေးမူ မိသားစုတို့က ဆောက်လုပ်လှူဒါန်းသည့် ငွေကျပ် ၃၅ သိန်းတန် အလိမ္မာစာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို မတ် ၂၈ ရက် နံနက်က အဆိုပါစာကြည့်တိုက် ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် စာကြည့်တိုက်အလှူရှင်က အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထူးမော်ထံသို့လည်းကောင်း၊ စေတနာရှင်များ စုပေါင်းလှူဒါန်းသည့် စာအုပ်မျိုးစုံ အုပ်ရေ ၅၀၀ ကျော်ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်က စာကြည့်တိုက်တာဝန်ခံ ဦးတောက်လင်းထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။(၁၀၁)

## စာဖတ်ရှိန်မြှင့်တင်ရေး ဆုပေးပွဲနှင့်စာအုပ်လှူဒါန်းပွဲကျင်းပ

**ပင်လည်ဘူး ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ဆုပေးပွဲနှင့်စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက ပင်လည်ဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း ဦးအောင်မြတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွားမောင်(မောင်လွန်းမြိုင်-ပင်လည်ဘူး)က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချို့မောင်က အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက်မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(အောက်ပုံ)** ထို့နောက် ကျောင်းစာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပြီး တစ်နှစ်တာကာလအတွင်း အတိုးတက်ဆုံး စာကြည့်တိုက်များဖြစ်သော ဆိုင်ယာကြီးကျေးရွာ ပညာ့အလင်းစာကြည့်တိုက်နှင့် ဘုန်းကြီးရွာ အလင်းအိမ် စာကြည့်တိုက်တို့အား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ (၄၁၆)

## မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မီးဘေးကြိုတင်တားဆီးကာကွယ်ရေး ကြီးကြပ်မှုကော်မတီက မြို့နယ်အတွင်း ရပ်ကွက်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ စည်းကမ်း မလိုက်နာသူများ ဥပဒေအရ အရေးယူခြင်းများကို အရှိန်အဟုန်မြှင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်က သီရိဟေမာရပ်ကွက် မီးဘေးကြိုတင်တားဆီး ကာကွယ်ရေး ကြီးကြပ်မှုကော်မတီမှ အိမ်တော်ရာစေတီအတွင်းရှိ သက်န်းနှင့်ပရိက္ခရာဆိုင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် ရိုးရိုးမီး၊ ဆီမီး၊ လျှပ်စစ်မီးများ မီးလောင်မှုဖြစ်ပွားရာတွင် လက်ဦးမှုရရှိရေးအတွက်မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းများ လက်တွေ့သရုပ်ပြသပြီး (ဓါတ်ပုံ) ဆိုင်ရှင်များက တစ်ဦးချင်း လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသကြသည်။ ထို့နောက်ဆိုင်တိုင်း မီးသတ်ဆေးဘူး ထားရှိရေးအတွက် ပညာပေးဟောပြောပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝ၂၆)

## စာဖတ်ရှိန်မြှင့်မားရေး ကောလင်းမြို့နယ်၌ ကျင်းပ

**ကောလင်း ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော ရပ်ကွက်နှင့်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်မားရေးကို မတ် ၂၇ ရက် နံနက် ၁၁ နာရီက ကောလင်းမြို့ မြောက်အင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းဟန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မူလတန်းဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့်စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ကျင်းပပြီး ရပ်ကွက်ကျေးရွာကိုယ်စားပြုပြိုင်ပွဲဝင်များကို ရွေးချယ်ကြသည်။

အလားတူ မတ် ၂၄ ရက်က ကျောက်ပြင်သာနယ်မြေ အထက(ခွဲ)တွင်လည်းကောင်း၊ မတ် ၂၅ ရက်က ခံသာနယ်မြေ အထက(ခွဲ)တွင်လည်းကောင်း၊ မတ် ၂၆ ရက်က ဥက္ကံနယ်မြေ အထက(ခွဲ)တွင်လည်းကောင်း အဆိုပါ ပြိုင်ပွဲများကို ကျင်းပပြီး မူ-လယ်-ထက် ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲ နယ်မြေကိုယ်စားပြုများကို ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၉၂)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၁၂ (တနင်္လာနေ့)

**နံနက်ပိုင်း**

၅:၂၀ MRTV-4 သတင်း

၅:၄၀ **(၃၂)ဖြာလက္ခဏာ** တရားတော် [ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ]

၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၄၆)

၃:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ**(ဇာတ်သိမ်းပိုင်း)

၇:၃၀ MRTV-4 မြန်မာ့ရိုးရာသကြင်္န်

၈:၀၀ MRTV-4 သတင်း

၉:၃၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း- ၁)

၁၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း -၇)

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈:၂၅ | Spurs - Norwich | (ESPN) |
| ၈:၂၅ | Newcastle - Bolton | (Star Sports) |
| ၁၀:၅၅ | Aston Villa - Stoke | (ESPN) (MRTV-4) |
| **နံနက်ပိုင်း** | **ပွဲစဉ်** | **ပြသမည့်လိုင်း** |
| ၁:၂၄ | Fulham -Chelsea | (ESPN) (MRTV-4) |

## နောင်ချိုမြို့နယ် ဆိတ်ဖူးရေပူစမ်း ရေချိုးသူများဖြင့် စည်ကားလျက်ရှိ

**နောင်ချို ဧပြီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်၏ မြောက်ဘက် နောင်ချိုနှင့် ၁၈ မိုင်အကွာအဝေးရှိ ဆိတ်ဖူးကျေးရွာ ရေပူစမ်း၌ ယခုအခါလာရောက်ရေချိုးကြသူများဖြင့် စည်ကားနေသည်။ ဆိတ်ဖူးရေပူစမ်း၏ ထူးခြားချက်မှာ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ ခေါင်းကိုက်ဝေဒနာ၊ ကိုယ်ခန္ဓာယားယံဝေဒနာများ ပျောက်ကင်းခြင်း၊ ကြက်ဥ ၁၀ မိနစ်ခန့်စိမ်လိုက်ပါက ပြုတ်ထားသကဲ့သို့ ကျက်ခြင်းတို့ပင်ဖြစ်သည်။ အဆိုပါရေပူစမ်းသို့ ရပ်နီးရပ်ဝေးမှလာရောက်၍ ညအိပ်ရေနွေးစိမ်ချိုးခြင်း၊ ချွေးပေါင်းထုတ်ခြင်းများ ပြုလုပ်ကြကြောင်း သိရှိရသည်။ (ဝ၆၁)

● ကျောဖုံးမှ

မိဘပြည်သူများ အသက်အိုးအိမ် ဆုံးရှုံးမှုများဖြစ်ခဲ့ရကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ပြီး လမ်းမကြီး(၁၁)လမ်းကို တည်ဆောက် အကောင်အထည်ဖော်ပေးလျက်ရှိရာတွင် လမ်းအမှတ်(၆) ဖြစ်သော ဤဘိုကလေး- စက်ဆန်း- ထော်ပိုင်- အမာလမ်းလည်း ဖောက်လုပ်ခဲ့ကြောင်း၊ လမ်းမကြီးနှင့်အတူ ယနေ့ဖွင့်လှစ်သော ထော်ပိုင်တံတားအပါအဝင် တံတားကြီး၊ ငယ်များကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ထော်ပိုင်တံတားကို (၁၇-၃-၂၀၀၉) ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယနေ့တွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ဤဒေသရှိ မိဘပြည်သူများ အကျိုးစီးပွားအတွက် အချိန်တိုအတွင်း တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထော်ပိုင်တံတားကြီးဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ရေပတ်လည်ဝိုင်းရံပြီး ကျွန်းအဖြစ် တည်ရှိနေသော အမာမြို့နယ်ခွဲ အပါအဝင် ထော်ပိုင်၊ စက်ဆန်းစသော ကျေးရွာအုပ်စုများစွာသည်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ဒေသထွက်သီးနှံများ၊ ရေထွက်ကုန်ပစ္စည်းများကို အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သည့်အတွက် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သကဲ့သို့ "ရေမြင့်လျှင် ကြာတင့်" ဆိုသည့်အတိုင်း ပညာရေး၊ ကျန်းမာရေးစသော လူနေမှုအဆင့်အတန်းများလည်း ပိုမိုမြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်များ ကျရောက်လာပါကလည်း အချိန်မီဘေးကင်းရာသို့ ရွှေ့ပြောင်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ တည်ဆောက်ပြီး လမ်းကွန်ရက်များနှင့် ချိတ်ဆက်၍လည်း နိုင်ငံတစ်ဝန်းချောမွေ့စွာ အပြန်အလှန်သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် ဒေသတွင်းသာမက ဧရာဝတီတိုင်းဒေသကြီးနှင့် နိုင်ငံတော်အတွက်ပါ အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုကဲ့သို့ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးခဲ့သော ထော်ပိုင်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက မိမိပိုင်တံတားကြီးဟု သဘောထားပြီး စနစ်တကျအသုံးပြုဖို့ လိုအပ်သကဲ့သို့ ဝိုင်းဝန်းကူညီထိန်းသိမ်းကြဖို့လည်း လိုအပ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တံတားစည်းကမ်းများအတိုင်း မောင်းနှင်အသုံးပြုပြီး စည်းကမ်းမဲ့အသုံးချသူများကိုလည်း ဝိုင်းဝန်းပညာပေးရန် တိုက်တွန်းလိုကြောင်း။

ဤတံတားကြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့သော ပြည်ထောင်စုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဝန်ကြီးများ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က တံတားကြီးတည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားရာတွင် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံးကဏ္ဍဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၏ ပထဝီအနေအထားအရ မြစ်ချောင်း၊ အင်းအိုင်ပေါများပြီး လမ်းပန်းဆက်သွယ်ရေး ကန့်သတ်ချက်များ ဖြစ်တည်ခဲ့သည့်အတွက် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ ဒေသဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ အခြားသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များ ပြည့်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းအပြီးတွင် လမ်းများအပါအဝင် ဧရာဝတီတိုင်းဒေသကြီးသည် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့အစိုးရလက်ထက်တွင် နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းများ မြန်မြန်ပြီးမြောက်မှသာ ပြည်သူလူထုအနေဖြင့် မြန်မြန်အကျိုးခံစားရစေလိုသော မွန်မြတ်သည့် ရည်မှန်းချက်ထားရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ယနေ့ ထော်ပိုင်ချောင်းကူးတံတားကြီး ဖွင့်လှစ်နိုင်ခြင်းသည်လည်း ဖော်ပြပါ ရည်မှန်းချက်တာဝန်များ၏ အောင်မြင်မှုရလဒ်ပင်ဖြစ်ကြောင်း၊ ဤတံတားပြီးစီးသွားခြင်းကြောင့် မိုးလေသာမှ အချိန်ပေးသွားလာရသော၊ ရေလမ်းခရီးကိုသာ အားကိုးခဲ့ရသော ပင်လယ်ပြင်မြစ်ဝဒေသမှပြည်သူများ မြန်မာပြည်တစ်နံတစ်လျားသို့ နေ့ညအချိန်မရွေး လျင်မြန်စွာ သွားလာဆက်သွယ်ခွင့်ရရှိလာခြင်းသည် ခေတ်တစ်ခေတ်တိုးတက်မှု၏ ပြယုဂ်တစ်ခုဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး အတွင်း မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုဆိုသည့် အကာအကွယ်အောက်တွင် ဘဝရှင်သန်မှုနှင့် တိုးတက်မှုများ ဖော်ဆောင်နိုင်မည်ဆိုသည်ကို သိရှိကြပြီးဖြစ်ကြောင်း။

မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသအတွင်း စီးပွားရေးဘဝ ပြည့်စုံမှသာ နိုင်ငံရေးအင်အားစု တောင့်တင်းခိုင်မာမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ကြောင်း၊ စီးပွားရေးဘဝနှင့် နိုင်ငံရေးဘဝ တစ်ဆက်တစ်စပ်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှသာ မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူနေမှုဘဝကြီးကို အဆင့်မြင့်မြင့် အကောင်အထည်ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် စီးပွားရေးအင်အားတောင့်တင်းခိုင်မာရေးအတွက် ဒေသခံပြည်သူများ၏ မူလအခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းများ အထွက်တိုး၍ မူရင်းတန်ဖိုးများကို ယခုထက်နှစ်ဆ သုံးဆ ပိုတိုးတက်စေရန်၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် လစ်ဟာမှုမရှိအောင် စေ့စပ်သေချာစွာ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုဆိုလျှင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးစိုက်ရာ ပုသိမ်မြို့မှ နိုင်ငံခြားသို့ ဆန်တိုက်ရိုက် တင်ပို့ရောင်းချသည့် ဆန်တင်သင်္ဘောကြီးဖြင့် စတင်ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး ပြည်ပသို့ ဆားသင်္ဘောထွက်နိုင်အောင် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သကဲ့သို့ ပဲမျိုးစုံ၊ သစ်နှင့် ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရန်လည်း ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြစည်ပင်သာယာရေး ကိစ္စရပ်များ သိသိသာသာ တိုးတက်ဖြစ်ထွန်းစေရန် နေ့ညမနား အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့်များကို ဧရာဝတီတိုင်းသားများ မြင်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားပြီး လာမည့် လေးနှစ်တာကာလအတွင်း တစိုက်မတ်မတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း တင်ပြလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ထော်ပိုင်ချောင်းတံတား ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ ဘိုကလေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က ထော်ပိုင် ချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ထော်ပိုင်ချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှဖြတ်သန်းကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယူဂန္ဓာနိုင်ငံ ကန် ပါ လာ မြို့၌ ကျင်းပသည့် (၁၂၆)ကြိမ်မြောက် နိုင်ငံတကာ လွှတ်တော် ဆိုင်ရာ သမဂ္ဂညီလာခံသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသော ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးမြညိမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်း-ရွှေ) (သတင်းစဉ်)

## မဟာမင်းစကြာ ဘုန်းတော်ပြည့် သံတော်ဆင့်စေတီတော် မြေသန့်၊ ပန္နက်တင်၊ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မိချောင်းတစ်ရာ ကျေးရွာအုပ်စု ညောင်ကုန်းရွာ ပြည်ကြီးမဏ္ဍိုင် ဓမ္မရိပ်သာကျောင်းတိုက်၌ တိုင်းဒေသကြီးလွှတ်တော်က ကြီးမှူးပြီး မဟာမင်းစကြာ ဘုန်းတော်ပြည့် သံတော်ဆင့်စေတီတော်တည်ထားရေး မြေသန့်၊ ပန္နက်တင်၊ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ဧပြီ ၆ ရက်က ကျင်းပရာ မင်္ဂလာအချိန်တွင် သံဃာတော် အရှင်သူမြတ်များက မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာတို့ကို ဆောင်ရွက်ပေးတော်မူကြသည်။

ထို့နောက် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်-ဒေါ်ခင်မလေး အမှူးပြုသော အလှူရှင်များက ရတနာရွှေကြုတ်၊ ငွေကြုတ်၊ ရတနာအုတ်မြစ်တော် ကြေးကမ္ပည်းလွှာ၊ ဆန်၊ ပဲ၊ ပြောင်း၊ စပါး၊ ရွှေ ငွေ၊ ပြည်တောင်းတို့ကို ဆရာတော်များထံ ဆက်ကပ်ကြသည်။

ယင်းနောက် ရတနာရွှေကြုတ်၊ ငွေကြုတ်၊ ရတနာအုတ်မြစ်တော်ကမ္ပည်းလွှာများကို ဒေဝါဝင်း/ရာဇာဝင်းတို့ဖြင့် ဝင်းခင်းပင့်ဆောင်ကာ မင်္ဂလာအချိန်ကျရောက်သည်နှင့် နဝရတ်ကိုးပါး ဌာပနာသွင်း ပူဇော်ထားသော ရတနာရွှေကြုတ်၊ ငွေကြုတ်၊ မော်ကွန်းကမ္ပည်းကြေးပြား၊ အဖုံးကျောက်ပြား၊ ပတ္တမြားရတနာအုတ်မြစ်တော်တို့ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးသိန်းနှင့် တာဝန်ရှိသူတို့က ထည့်သွင်းပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝေလှိုင်ထွန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ တိုင်းဒေသကြီးအတွင်းရေးမှူး ဦးတင်အောင်မြင့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးအေးဟန်နှင့် အလှူရှင်တို့က အုတ်မြစ်စီပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာ ဇီဝိတဒါန ဆေးခန်းဆောက်လုပ်ရန်အတွက် မြို့လှမြို့နေ မြေး အာကာကျော် မွေးနေ့၌ အဘွားဒေါ်ရှုက အလှူငွေကျပ်တစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းထံ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမမြန်မာ့လက်ရွေးစင်ရွေးချယ်ရေး စံချိန်ယူရေကူးပြိုင်မည်

**ရန်ကုန် ဧပြီ ၈**

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲအတွက် ပဏာမမြန်မာ့လက်ရွေးစင်ရွေးချယ်ရန်နှင့် အလားအလာရှိသော မျိုးဆက်သစ်လူငယ်ရေကူးအားကစားသမားများ ပြုစုပျိုးထောင်ပေးရန် အဓိကရည်ရွယ်လျက် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ စံချိန်ယူရေကူးပြိုင်ပွဲများကို ဧပြီ ၂၄၊၂၅၊ ၂၆ ရက်များ နေ့စဉ် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲ၌ ၁၃ နှစ်အောက် မျိုးဆက်သစ် သက်ငယ်တန်းပြိုင်ပွဲနှင့် ၁၃ နှစ် အထက်မှ ၂၄ နှစ်အောက် သက်ကြီးတန်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ သက်တန်းများအလိုက် အလွတ်ကူးပြိုင်ပွဲ၌ မီတာ၅၀-၁၀၀-၂၀၀-၄၀၀-၈၀၀-၁၅၀၀ ပြိုင်ပွဲများ၊ ပက်လက်ကူး ပြိုင်ပွဲ၌ မီတာ ၅၀-၁၀၀-၂၀၀ ပြိုင်ပွဲများ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ မီတာ ၅၀-၁၀၀-၂၀၀ ပြိုင်ပွဲများ၊ လိပ်ပြာကူးပြိုင်ပွဲ၌ မီတာ ၅၀-၁၀၀-၂၀၀ ပြိုင်ပွဲများနှင့် တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၌ မီတာ ၂၀၀-၄၀၀ ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပဏာမမြန်မာ့လက်ရွေးစင်ရွေးချယ်ရေးစံချိန်ယူ ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ရေကူးမျိုးဆက်သစ်လူငယ်များနှင့် သက်ကြီးတန်း ရေကူးအားကစားမောင်မယ်တို့သည် ဧပြီ ၂၃ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် (ဦးဝိစာရ အမျိုးသားရေကူးကန်) သို့ အမည်စာရင်းပေးသွင်းရန်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဖုန်း ၃၇၈၅၅၀၊ ၀၉-၇၃၀၅၄၀၄၄၊ ၀၉-၄၃၁၁၄၉၄၇ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

မြန်မာ့အလင်း **ဘဝအမောပြေ** အာကာဟိန်း-ရေးသားသည်

### ဒီလိုလား

အလုပ်မှ ပြန်လာသော ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက သားနှင့်ပတ်သက်ပြီး ပြောကြားလေသည်။

**ဇနီး ။ ။ ရှင့်သားတော့ မလွယ်တော့ဘူး။**

ခင်ပွန်း ။ ။ ဘာဖြစ်လို့လဲကွာ။

**ဇနီး ။ ။ ရှင့်သားအခု ပိုက်ဆံတွေကို မသိအောင်ယူပြီး သုံးတတ်နေပြီ။**

ခင်ပွန်း ။ ။ ဟုတ်လား။

**ဇနီး ။ ။ အဲဒါကြောင့်ပိုက်ဆံဘယ်နေရာသွားထားပြီး သိမ်းရမှန်းတောင် မသိတော့ဘူး။**

ခင်ပွန်း ။ ။ ဒါတော့ စိတ်မပူနဲ့။ ပိုက်ဆံသိမ်းရမယ့်နေရာ ပြောပြမယ်။

**ဇနီး ။ ။ ပြောပြပါဦး။**

ခင်ပွန်း ။ ။ သားရဲ့ကျောင်းပုံနှိပ်စာအုပ်တွေထဲထည့်ပေးထားလိုက်။ သူက ကျောင်းစာအုပ်ဆိုရင် ဘယ်တော့မှ ဖွင့်ကြည့်မှာ မဟုတ်ဘူး။

**ဇနီး ။ ။ ရှင်**

**မတ် ၂၄ ရက်က ရွှေပြည်သာမြို့နယ် အမှတ် (၁)ရပ်ကွက် ကိုးနဝင်းဓမ္မာရုံ၌ ရပ်ကွက်နေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရန်ကုန်တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲထွန်းဦးနှင့်အဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သိန်းဦးနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။** (မြန်မာ့အလင်း)

## မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

## စင်ကာပူ၌ ရေအောက်ကားလမ်းဥမင်လိုဏ်ခေါင်း ၂၀၁၂ ခုနှစ်ကုန်၌ တည်ဆောက်မှုပြီးစီးမည်

**စင်ကာပူ ဧပြီ ၈**

စင်ကာပူနိုင်ငံ မာရီနာပင်လယ်အော် ကြမ်းပြင်အောက်၌ ဖောက်လုပ်လျက်ရှိသောအရှည်မီတာ ၄၂၀ ရှိသည့် ရေအောက်ဥမင်လိုဏ်ခေါင်းမှာ ယခုနှစ်ကုန်ပိုင်း၌ ပြီးစီးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံထုတ် သည်စထရိတ်တိုင်းမ်သတင်းစာက ဧပြီ ၈ ရက်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ ရေအောက်ဥမင်လိုဏ်ခေါင်းသည် စင်ကာပူနိုင်ငံ မာရီနာ ကမ်းခြေတစ်လျှောက် ဖောက်လုပ်ထားသည့် အရှည် ၅ ကီလိုမီတာရှိသော မော်တော်ကားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းရေအောက်ဥမင်လိုဏ်ခေါင်းသည် စင်ကာပူနိုင်ငံ၏ ပထမဆုံးရေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုလည်းဖြစ်သည်။

ယင်းရေအောက်ဥမင်လိုဏ်ခေါင်းကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံအကုန်အကျခံကာ တည်ဆောက်နေခြင်းဖြစ်ပြီး စင်ကာပူနိုင်ငံအရှေ့ဘက် ကမ်းခြေကားလမ်းနှင့် ကာလန်ပါယာလီဘာ အဝေးပြေးကားလမ်းတို့ကို ဆက်သွယ်ပေးမည်ဖြစ်သည်။

၎င်းရေအောက်ဥမင်လိုဏ်ခေါင်းသည် တစ်နာရီလျှင် မော်တော်ကားအစီးရေ ၁၀၀၀၀ ဖြတ်သန်းမောင်းနှင်နိုင်သည်။ အဆိုပါစီမံကိန်းမှာ ယခင်က ၂၀၁၃ ခုနှစ်ကုန်၌ ပြီးစီးမည်ဟုမှန်းဆခဲ့သော်လည်း တစ်နှစ်ခန့် ကြိုတင်ပြီးစီးမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

## ဗန်ကောက်မြို့ရှိ ဓာတုစက်ရုံ၌ ယိုဖိတ်မှုဖြစ်ပွား အလုပ်သမား ၂၂ ဦး ဆေးရုံတင်ပို့ရ

**ဗန်ကောက် ဧပြီ ၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဗွီအာဝါရှင်းကုမ္ပဏီပိုင် ဓာတုစက်ရုံတစ်ရုံ၌ ဧပြီ ၈ ရက် နံနက်က ဓာတုအရည်များ သိုလှောင်ထားသော သိုလှောင်ကန်မှ ယိုဖိတ်ထွက်ရှိမှုကြောင့် အလုပ်သမား ၂၂ ဦးထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတင်ပို့လိုက်ရကြောင်း ထိုင်းအရာရှိများကပြောကြားသည်။

အဆိုပါစက်ရုံအတွက်အသုံးပြုရန် လိုအပ်သောဓာတ်ငွေ့ရည်များကို ထရပ်ကားဖြင့် သယ်ဆောင်လာပြီး သိုလှောင်ကန်အတွင်း ပြောင်းရွှေ့ထည့်သွင်းရာမှ အဆိုပါယိုဖိတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းစက်ရုံတွင်အလုပ်သမား ၂၀၀ခန့် လုပ်ငန်းခွင်ဝင်ရောက်နေချိန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ဒဏ်ရာရရှိသူ အလုပ်သမားများအား ပက်သမ်သာနီဆေးရုံသို့ တင်ပို့ပေးထားပြီး ဆေးကုသမှုခံယူလျက်ရှိသည်။

ထိုသို့ဓာတုအရည်များယိုဖိတ်ထွက်ရှိမှုကြောင့် အလုပ်သမားများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားပြီး ဘေးအန္တရာယ်ကင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းစက်ရုံမန်နေဂျာ သာဆာဝမ်ဝန်ကမ်ဆာက ပြောကြားသည်။ **(အင်တာနက်)**

## ပန်းချီဆရာ အင်ဒီဝါဟိုးလ်၏ ပန်းချီကား နယူးယောက်မြို့၌ လေလံတင်ရောင်းချမည်

**လတ်ဗီးဂတ်စ် ဧပြီ ၈**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ မေ ၁ ရက်တွင် ပြုလုပ်မည့် လေလံတင်ရောင်းချပွဲ၌ ပန်းချီကျော်အင်ဒီဝါဟိုးလ်၏ ပန်းချီကားမှာ အမေရိကန်ဒေါ်လာ ၅ သန်းခန့်ရရှိမည်ဟု မျှော်မှန်းထားကြောင်း ခရစ်စတီးလေလံအဖွဲ့က ဧပြီ ၈ ရက်တွင် ပြောကြားသည်။

The Lucky Guy ဟု အမည်ပေးထားသော ၎င်းပန်းချီကားကို ယခင်က ပြည်သူများသို့ တစ်ကြိမ်မျှ ထုတ်ဖော်ပြသခဲ့ခြင်းမရှိကြောင်း၊ နယူးယောက်မြို့၌ ပြုလုပ်မည့် လေလံတင်ပွဲ၌သာ ပြသရောင်းချမည်ဖြစ်ကြောင်း ခရစ်စတီးလေလံအဖွဲ့မှ ပြောကြားသည်။ ၎င်းပန်းချီကားကို ပန်းချီဆရာအင်ဒီဝါဟိုးလ်သည် ၁၉၃၀ ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပန်းချီကားကို ပန်းချီကျော် အင်ဒီဝါဟိုးလ်၏ အလုပ်ခန်းအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပန်းချီဆရာ ဝါဟိုးလ်သည် ပေါ့အနုပညာဖန်တီးမှုကို စိတ်ဝင်စားပြီး ပုံဖော်ရေးဆွဲခဲ့သူဖြစ်သည်။ **(ယာပုံ)**

အမေရိကန်ပန်းချီကျော် ဝါဟိုးလ်၏ ၎င်းပန်းချီကားသည် လေလံတင်ပွဲ၌ အမေရိကန်ဒေါ်လာ ၅ သန်းအထိရရှိမည်ဟု ခရစ်စတီးလေလံအဖွဲ့က မျှော်မှန်းထားသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၈-၄-၂၀၁၂

### တရုတ်အရှေ့ပိုင်းတွင် အပျော်စီးကူးတို့ရေယာဉ် ကုန်သင်္ဘောနှင့်တိုက်မိ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်တွင် အပျော်စီးကူးတို့ရေယာဉ်တစ်စင်းသည် ကုန်သင်္ဘောတစ်စင်းတိုက်မိပြီးနောက် တိမ်းမှောက်မှုဖြစ်ပွားကာ နှစ်ဦးသေဆုံးပြီး အခြားနှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့မှ အရာရှိများက ဧပြီ ၇ ရက်တွင် ပြောကြားသည်။

အဆိုပါကူးတို့ရေယာဉ်ပေါ်တွင် ရှန်ဟိုင်း ကျန်အိုတန်တက္ကသိုလ်မှ ကျောင်းသားခြောက်ဦး၊ ခရီးလမ်းပြတစ်ဦးနှင့် ကူးတို့ရေယာဉ်မောင်းတစ်ဦးတို့ အပါအဝင် လူရှစ်ဦးလိုက်ပါစီးနင်းစဉ် ဧပြီ ၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်က ဆူကျိုမြို့ ထိုင်ဟူးရေကန်၌ ထိုသို့တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဒေသရှိ အရာရှိများကပြောကြားသည်။

ယင်းဖြစ်ပွားမှုကြောင့် ကျောင်းသားတစ်ဦးနှင့်ခရီးလမ်းပြတို့ ဆေးရုံတွင် အရေးပေါ်ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားနှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

### ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပစ်ခတ်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**ဂျာမနီနိုင်ငံ ဘာလင်မြို့တောင်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဧပြီ ၇ ရက်တွင် ပြောကြားသည်။**

**အဆိုပါပစ်ခတ်မှုသည် ဧပြီ ၆ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမည်မသိ လက်နက်ကိုင်တစ်ဦးက လူငါးဦးပါရှိသည့် နိုင်ငံခြားသား အဖွဲ့တစ်ဖွဲ့အား ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ပစ်ခတ်မှုကြောင့် အသက် ၂၂ နှစ်အရွယ်ရှိ နိုင်ငံခြားသားတစ်ဦး သေဆုံးပြီး အခြားနှစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ သိရှိရသည်။**

**သေဆုံးသူမှာ တူရကီနိုင်ငံသားဖြစ်ပြီး ဦးခေါင်းဒဏ်ရာရရှိမှုကြောင့် ဆေးရုံတွင် အချိန်တိုအတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်။ အခြားနှစ်ဦးမှာ ရုရှားလူမျိုးနှင့် အာရပ်လူမျိုးများဖြစ်ကြောင်း၊ ၎င်းလက်နက်ကိုင်မှာ အနက်ရောင်ဝတ်ရုံကို ဝတ်ဆင်ထားကြောင်း၊ ဖြစ်ပွားရသည့်အကြောင်းအရင်းကို မသိရသေးကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။**

### ပါပူဝါနယူးဂီနီတွင် ငလျင်လှုပ်

ပါပူဝါနယူးဂီနီနိုင်ငံ နယူးဗြိတိန်ဒေသတွင် ဧပြီ ၇ ရက် ပေကျင်း စံတော်ချိန် ၁၉ နာရီ ၅၈ မိနစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်သည် တောင်လတ္တီတွဒ် ၆ ဒသမ ၇၈၄၅ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၄၉ ဒသမ ၅၄၈၇ ဒီဂရီအကြား မြေအောက် ၃၉ ဒသမ ၆၀ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းဌာနက ထုတ်ပြန်သည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းများ

## တူရကီမြောက်ပိုင်း၌ တံတားပြိုကျမှုဖြစ်ပွား ကားနှစ်စီး မြစ်ထဲထိုးကျ၊ ၁၁ ဦး ပျောက်ဆုံး

**အန်ကာရာ ဧပြီ ၈**

တူရကီနိုင်ငံမြောက်ပိုင်းတွင် တံတားတစ်စင်းပြိုကျမှုဖြစ်ပွားရာ ၁၁ ဦး ပျောက်ဆုံးလျက်ရှိကြောင်း တူရကီနိုင်ငံထုတ် တူဒေးဇာမင်းသတင်းစာက ဧပြီ ၈ ရက်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါတံတားမှာ ကေကူမာခရိုင် ဇွန်ကူမာမြို့တွင်ရှိသော ဖီလ်ယော့စ်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသောတံတားဖြစ်ပြီး တံတားပြိုကျမှုကြောင့် မော်တော်ကားနှစ်စီး မြစ်ထဲထိုးကျသွားခဲ့သည်။

မြစ်ထဲထိုးကျသွားခဲ့သည့် မော်တော်ကားတစ်စီးအတွင်းမှ လူနှစ်ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူ ၁၁ ဦးအား လိုက်လံရှာဖွေလျက်ရှိကြောင်း ကေကူမာခရိုင် သဘာဝဘေးနှင့် အရေးပေါ်ကယ်ဆယ်ရေးစီမံခန့်ခွဲမှုဌာနမှ ဒါရိုက်တာအက်မက်ဂန်ဂါက ပြောကြားသည်။

ပျောက်ဆုံးနေသူများကို မြစ်တစ်လျှောက်၌ ရဟတ်ယာဉ်ဖြင့် လိုက်လံရှာဖွေလျက်ရှိကြောင်း၊ တံတားပြိုကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

## အာဖဂန်အရှေ့မြောက်ပိုင်း ဒုံးကျည်ပစ်ခတ်မှု အရပ်သားနှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**ကဘူးလ် ဧပြီ ၈**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့မြောက်ပိုင်း ကာပီဆာပြည်နယ်မှ တာလီဘန်ခြေကုတ်စခန်းတစ်ခုကို ဧပြီ ၇ရက်က အာဖဂန်တပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်တိုက်ခိုက်ရာ၌ အရပ်သားနှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

**ပြောကြား**

ကဘူးလ်မြို့တော်မြောက်ဘက် ၆၅ ကီလိုမီတာဝေးသည့် ကာပီဆာပြည်နယ် မက်ဝဲဒေသရှိ ခြံဝင်းတစ်ခုကို ဒုံးကျည်ထိမှန်သဖြင့် နှစ်ဦးသေဆုံးပြီး အမျိုးသမီးလေးဦး ဒဏ်ရာရရှိကြောင်း တာဂက်ခရိုင်အုပ်ချုပ်ရေးမှူး အဗ္ဗဒူဟာကင်က ဧပြီ ၈ ရက်တွင် ပြောကြားသည်။

အဆိုပါ ဒုံးကျည်ကို တာလီဘန် အကြမ်းဖက်သမားများ သို့မဟုတ် အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များက ပစ်ခတ်သည်ဆိုသည်ကို မသိရသေးဟု ဆိုသည်။ **(အင်တာနက်)**

## ဆီးရီးယားနိုင်ငံဆိုင်ရာသတင်းများ အယ်လ်ဂျာဇီရာ ပုံကြီးချဲ့လွှင့်ထုတ်

**ဘေရွတ် ဧပြီ ၈**

အယ်လ်ဂျာဇီရာ သတင်းဌာနက ဆီးရီးယားနိုင်ငံ မငြိမ်မသက်မှုသတင်းများကို ပုံကြီးချဲ့ထုတ်လွှင့်ကြောင်း အယ်ဂျာဇီရာဝန်ထမ်းဟောင်းတစ်ဦးက ထုတ်ဖော်ပြောကြားသည်။ **(ယာပုံ)**

အယ်လ်ဂျာဇီရာ၏ ဘေရွတ်ဗျူရိုမှ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ မူဆာအာမက်က ဧပြီ ၆ ရက်တွင် အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

**ထည့်သွင်းပြောကြား**

အယ်လ်ဂျာဇီရာက ထုတ်လွှင့်သည့် သတင်းများမှာ အဖြစ်မှန်များနှင့် လုံးဝကွဲလွဲကြောင်း၊ထုတ်လွှင့်သည့်သတင်းများမှာ အဖြစ်မှန်များကို ဖုံးကွယ်ထားပြီး အယ်ဒီတာ သဘောထား အမြင်များက အဖြစ်မှန်ကဲ့သို့သော သတင်းများ ဖြစ်လာရကြောင်း၊ အဖြစ်မှန်များကို ထိုမျှကြာကြာဖုံးကွယ်ခြင်းအတွက် မိမိများစွာ ဝမ်းနည်းပါကြောင်း မူဆာအာမက်က ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

# ပီရူးနိုင်ငံ၌ ရွှေနှင့်ကြေးနီတူးဖော်ရေး မိုင်းတွင်းပြိုကျ ပိတ်မိသူမိုင်းလုပ်သားကိုးဦးကယ်ဆယ်နိုင်ရေး ကြိုးပမ်းလျက်ရှိ

**လီမာ ဧပြီ ၈**

ပီရူးနိုင်ငံအတွင်း၌ ရွှေနှင့်ကြေးနီတူးဖော်ရာ မိုင်းတွင်းတစ်တွင်း၌ ကျောက်ဆောင်ပြိုကျမှုဖြစ်ပွားကာ မြေအောက်ပေ ၆၅၀ ကျော်၌ ပိတ်မိလျက်ရှိသည့် မိုင်းလုပ်သားကိုးဦး လွတ်မြောက်ရေး ဆောင်ရွက်လျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၈ ရက်က ဖော်ပြသည်။ **(ဓာတ်ပုံ)**

**ဖော်ပြ**

လတ်တလောတွင် ပိတ်မိနေသူများအတွက် အောက်ဆီဂျင်နှင့်ရေကို ပိုက်လိုင်းဖောက်ထွင်းသွယ်တန်းကာ ပေးပို့နေရပြီး ပြိုကျကျောက်စိုင်ကျောက်ခဲများ ဖယ်ရှားရေးနှင့် စက်ယန္တရားကြီးများ မိုင်းတွင်းနေရာသို့ ရောက်ရှိရေးအတွက် လုပ်ဆောင်ရန်မလွယ်ကူသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ပိတ်မိနေသူများနှင့် ကယ်ဆယ်ရေးအဖွဲ့တို့ ဆက်သွယ်မှုရရှိထားပြီဖြစ်ရာ ၎င်းတို့မှာကြီးကြီးမားမား ထိခိုက်ဒဏ်ရာရမှုမရှိသော်လည်း ၎င်းတို့သည် ကြောက်ရွံ့စိတ်ဓာတ်ကျဆင်းမှုများ စတင်ခံစားနေရသည်ဟု ပိတ်မိမိုင်းလုပ်သားများက ပြောကြားခဲ့ကြောင်း သိရသည်။ နိုင်ငံ၏တောင်ဘက်တွင်ရှိသော မြို့တော်လီမာ၏ တောင်ဘက် ၁၈၅ မိုင်ကျော် အိုင်ဆာမြို့မြောက်ဘက်ရှိ ကာဘီဇာဒီနီဂရို ရွှေနှင့်ကြေးနီမိုင်းတွင်း၌ ကျောက်ဆောင်ပြိုကျမှုကြောင့် ပိတ်မိမိုင်းလုပ်သားကိုးဦးကို ကယ်ဆယ်ရေးတွင် မြေတူးစက်ကြီးများကို အသုံးပြုနိုင်မည်မဟုတ်ကြောင်း၊ မြေတူးစက်များ တောင်ကုန်း ဆင်ခြေလျှောများဖြတ်တက်ရန် မလွယ်ကူ၍ဖြစ်ပါကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးက သတင်းဌာနသို့ပြောကြားသည်။ လာမည့် ဧပြီ ၁၄၊ ၁၅ ရက်များတွင် ထိုမိုင်းလုပ်သားများကို ကယ်ဆယ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ သို့သော် ကျောက်ဆောင်ပြိုကျမှုထပ်ဖြစ်ပါက ကယ်ဆယ်ရေးလုပ်ငန်းမှာ ပို၍ကြန့်ကြာနှောင့်နှေးသွားနိုင်ကြောင်း ၎င်းကပင် ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

# ဟေတီနိုင်ငံတွင် သေဆုံးမှုများပြားသော ယာဉ်မတော်တဆမှုဖြစ်ပွား ၂၀ ကျော် သေဆုံးကာ ၄၀ ကျော် ဒဏ်ရာရ

**ပို့အော်ပရင့် ဧပြီ ၈**

ဟေတီနိုင်ငံ ပို့အော်ပရင့်မြို့တော်၏တောင်ဘက် အဝေးပြေးလမ်းမတစ်နေရာတွင် လော်ရီကားကြီးတစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ၌ သေဆုံးသူအနည်းဆုံး ၂၀ ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပြောကြား**

ပီတစ်ဂရုဖ်မြို့အနီးတွင် လော်ရီကား တိမ်းမှောက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ အနီးဝန်းကျင်ရှိ လူအများလာရောက်ကူညီကြကြောင်း ရေဒီယိုက သတင်းထုတ်လွှင့်ခဲ့ပြီး ဆေးရုံသို့ရောက်ရှိခဲ့သည့် ဒဏ်ရာရသူမှာ၄၀ ခန့်ရှိသည်ဟု ဆရာဝန်များက ပြောကြားသည်။

ဟေတီနိုင်ငံတွင် လျော့ရဲသည့် ယာဉ်စည်းကမ်းကြပ်မတ်မှုနှင့် ဝန်ပိုတင် မောင်းနှင်ကြသော မော်တော်ယာဉ်များကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားမှုများကြောင်း သတင်းတွင် ဖော်ပြသည်။

လော်ရီကား တိမ်းမှောက်သည့် လမ်းပိုင်းနေရာသည် အန္တရာယ်ကွေ့ကဲ့သို့နေရာဖြစ်သဖြင့် ဆိုးရွားသည့် မတော်တဆမှုများ ဖြစ်ပေါ်နိုင်သည့် လမ်းပိုင်း နေရာဖြစ်ကြောင်း၊ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ယင်းနေရာ၌ပင် လေးလောင်းပြိုင် သေဆုံးသည့် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း မျက်မြင်တစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။

**တိမ်းမှောက်**

အမျိုးသမီးအများစုပါဝင်သည့် လက်လီဈေးသည် အများအပြားတင်ဆောင်လာသော ယင်းလော်ရီကားမှာ ဆင်ခြေလျှောကုန်းမြင့်ကို မောင်းတက်စဉ် ဟန်ချက်မထိန်းနိုင်၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟုလည်း မျက်မြင်တွေ့လိုက်သူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်သမားချေမှုန်းရေးစစ်ဆင်ရေးများဆင်နွှဲ

**ကဘူးလ် ဧပြီ ၈**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဆင်နွှဲလျက်ရှိသော စစ်ဆင်ရေးများတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်းက တာလီဘန်အကြမ်းဖက်သမား ၁၆ဦးကို ချေမှုန်းနိုင်ပြီး ၂၀ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဧပြီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

နိုင်ငံအတွင်းရှိ နန်ဂါဟာ၊ ဖာရက်၊ ဘာဒက်ရှန်း၊ ကန်ဒါဟာ၊ ဂါဇာနီ၊ ခို့စ်နှင့် ပတ်တီကာပြည်နယ်များတွင် အာဖဂန်အမျိုးသားရဲတပ်ဖွဲ့၊ စစ်တပ်နှင့် ညွန့်ပေါင်းတပ်ဖွဲ့ဝင်များ ပူးပေါင်းစစ်ဆင်ရေးများ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ချေမှုန်းနိုင်ခဲ့သော အကြမ်းဖက်သမား ၁၆ ဦးရှိပြီး ဖမ်းဆီးနိုင်ခဲ့သည်မှာ ၂၀ ဦးရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ထို့ပြင် ယခုစစ်ဆင်ရေးများအတွင်း မိုင်း ၁၂လုံးကိုလည်း သိမ်းဆည်းရမိကြောင်း ထုတ်ပြန်ချက်တွင် ဖြည့်စွက်ဖော်ပြထားသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်မှ ထိခိုက်သေဆုံးမှုသတင်းကိုမူ ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိကြောင်း၊ တာလီဘန်များဘက်မှ ယခုအရေးနှင့်ပတ်သက်ပြီး မည်သည့်သုံးသပ်ဝေဖန်ချက်မျှ ထွက်ပေါ်လာခြင်းမရှိသေးကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင်း၌ တာလီဘန်နှင့် အခြားအကြမ်းဖက်အဖွဲ့အစည်းများအား ချေမှုန်းရန်စစ်ဆင်ရေးများ ဆောင်ရွက်လျက်ရှိရာတွင် ယခုနှစ်အတွင်း၌ အကြမ်းဖက်သမား ၄၃၀ ကျော် ချေမှုန်းနိုင်ပြီး ၈၈၀ ကျော်ထက်မနည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(အင်တာနက်)**

# တရုတ်ဆယ်ကျော်သက်တစ်ဦး iPad ဝယ်ရန် ကျောက်ကပ်ထုတ်ရောင်း၊ ပတ်သက်ဆက်စပ်သူငါးဦးကိုဖမ်းဆီး

**တရုတ်နိုင်ငံတွင် iPhone ၊ iPad များ တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်ကို မြင်တွေ့ရစဉ်။**

**ပေကျင်း ဧပြီ ၈**

တရုတ်နိုင်ငံတွင် ဆယ်ကျော်သက်လူငယ်တစ်ဦးသည် iPhone နှင့် iPad ဝယ်ယူနိုင်ရန်အတွက် ကျောက်ကပ်ထုတ်ကာ ရောင်းချမှုနှင့် ပတ်သက်ပြီး ဆက်စပ်နီးနွယ်သူ ငါးဦးကို ဖမ်းဆီးခဲ့ကြောင်း နိုင်ငံပိုင် သတင်းဌာနတွင် ဧပြီ ၇ ရက်က ဖော်ပြသည်။

အသက် ၁၇ နှစ်အရွယ်ရှိ ဝန်ဆိုသူ ၎င်းလူငယ်သည် ပြီးခဲ့သည့်နှစ် ဧပြီလအတွင်းက ၎င်း၏ကျောက်ကပ်ကို အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် ထုတ်ရောင်းကာ iPhone ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ယခုဖမ်းဆီးလိုက်သူ ငါးဦး၌ ကျောက်ကပ်ထုတ်ရောင်းရာတွင် ခွဲစိတ်မှုပြုခဲ့သည့် ခွဲစိတ်ဆရာဝန်လည်း ပါဝင်ကြောင်း၊ ၎င်းတို့ငါးဦးသည် ဝန်၏ကျောက်ကပ်ကိုခွဲထုတ်ယူကာ အစားထိုးခွဲစိတ်မှုပြုခဲ့ခြင်းအတွက် အမေရိကန် ဒေါ်လာ ၃၅၀၀၀ ရရှိခဲ့ကြကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဝန်သည် တရားမဝင် ကျောက်ကပ်ရောင်းချခြင်းကို အင်တာနက်အွန်လိုင်းမှတစ်ဆင့် အဆက်အသွယ်ရရှိကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဝန်၏ အမေဖြစ်သူက သားဖြစ်သူကိုင်ဆောင်သည့် ဖုန်းအသစ်နှင့် ပစ္စည်းအသစ်အဆန်းများကိုတွေ့ရှိ သံသယဝင်ပြီး မေးမြန်းရာမှ ကျောက်ကပ်ရောင်းကာ ဝယ်ယူထားသည်ကို သိရှိရပြီး ယခုအမှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းများ လှူဒါန်းမှုရှားပါးခြင်းကြောင့် အစားထိုးကုသရန် လိုအပ်နေသူ ၁ ဒသမ ၅ သန်းခန့်ရှိရာတွင် ခွဲစိတ်ကုသနိုင်သူမှာ နှစ်တစ်နှစ်တွင် ၁၀၀၀၀ ခန့်သာရှိကြောင်း အစိုးရစာရင်းများတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းသုတ

# ခေတ်သစ်ရုရှားနိုင်ငံ၏ထူးခြားသည့်ခေါင်းဆောင် (သို့မဟုတ်) မစ္စတာဗလာဒီမာပူတင်

**သတင်းမှတ်စု - တိုး**

*ရုရှားဝန်ကြီးချုပ် မစ္စတာဗလာဒီမာပူတင်သည် ရှေ့လ ၂၀၁၂ခုနှစ် မေလတွင် ရုရှားသမ္မတရာထူးကို စတင်တာဝန်ယူတော့မည်ဖြစ်သည်။*

*တကယ်တော့ မစ္စတာပူတင်သည် ရုရှားသမ္မတရာထူးကို ယခုမှ စတင်ရယူသူ မဟုတ်ပေ။ ထိုနည်းတူ လောလောဆယ်တာဝန်ယူထားသည့် ဝန်ကြီးချုပ်ရာထူးကိုလည်း ယခုပထမဆုံးအကြိမ် တာဝန်ထမ်းဆောင်ခြင်းမဟုတ်ပါပေ။*

*မစ္စတာပူတင်၏ဘဝကောက်ကြောင်းကို တစေ့တစောင်း ပြန်ကြည့်မည်ဆိုလျှင် သူ့ကို ၁၉၅၂ခုနှစ်တွင် စိန့်ပီတာစဘတ်မြို့၌မွေးဖွားခဲ့သည်။ သူသည် ရုရှားထောက်လှမ်းရေးအဖွဲ့ ကေဂျီဘီ (KGB)တွင် ဝင်ရောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် မော်စကိုသို့ မပြောင်းမီ ၁၉၉၀ပြည့်နှစ်မှစ၍ စိန့်ပီတာစဘတ် အုပ်ချုပ်ရေးတွင် တာဝန်ယူခဲ့သည်။ ၁၉၉၉ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာသည်။*

***ဗလာဒီမာပူတင်***

*သူ့အရင် ရုရှားသမ္မတဖြစ်သူ ဘောရစ်ယဲ့လ်ဆင်က ၎င်းအား ယာယီသမ္မတ ခန့်အပ်လိုက်သည်။ ၂၀၀၀ ပြည့်နှစ် မေလ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရကာ သမ္မတဖြစ်လာသည်။ တစ်ဖန် ၂၀၀၄ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်း ထပ်မံအောင်ပွဲခံ အနိုင်ရလိုက်သည်။*

*သူ၏တပည့်ရင်းချာ ဒီမီထရီမက်ဗီဒက် ရုရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံပြီး နောက်တစ်ရက်ဖြစ်သည့် ၂၀၀၈ခုနှစ် မေ ၈ ရက်တွင် သမ္မတဟောင်း မစ္စတာပူတင်က ရုရှားဝန်ကြီးချုပ်ဖြစ်လာရသည်။*

*သမ္မတ ဒီမီထရီမက်ဗီဒက်မှာ ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲပြီးနောက် ရုရှားနိုင်ငံ၏ တတိယမြောက်သမ္မတ ဖြစ်လာသည်။*

*မစ္စတာပူတင်သည် သမ္မတရာထူးစွန့်ပြီး ဝန်ကြီးချုပ်ရာထူးရယူခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေက သမ္မတတစ်ဦးအနေဖြင့် သက်တမ်းနှစ်ကြိမ်ထက်ပို၍ ဆက်တိုက်တာဝန်ယူခြင်းကို တားမြစ်ခြင်းကြောင့်သာဖြစ်သည်။*

***ပြသနိုင်ခဲ့***

**ဒီမီထရီမက်ဗီဒက်**

*သမ္မတမက်ဗီဒက်ကမူ သူ့နိုင်ငံရေးအနွေးဝါသိကဆရာ မစ္စတာပူတင်မှာ လာမည့်ဆယ်နှစ်အတွင်း ရုရှားနိုင်ငံဖွံ့ဖြိုးရေးထူထောင်မှုတွင် အဓိကအခန်း၌ ပါဝင်လိမ့်မည်ဖြစ်ကြောင်း ကြေညာသည်။ မစ္စတာပူတင်ကလည်း အင်အားတောင့်တင်းသည့်ရုရှားနိုင်ငံကို ကာကွယ်ထိန်းသိမ်းသူအဖြစ် ပြသနိုင်ခဲ့သည်။*

*၂၀၁၀ပြည့်နှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ်ပူတင်က ၂၀၁၂ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သူဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း နိုင်ငံခြားသတင်းထောက်များအား အရိပ်အမြွက်ပြောလိုက်သည်။ သူ၏အာဏာရ ယူနိုက်တက် ရုရှားပါတီက ပါတီသမ္မတဟောင်းအဖြစ် အတည်ပြုကြေညာသည်။*

*၂၀၁၂ခုနှစ် မတ် ၄ရက်နေ့ ရုရှားသမ္မတရွေးကောက်ပွဲတွင် ယူနိုက်တက်ရုရှားပါတီမှ မစ္စတာပူတင်နှင့် ကွန်မြူနစ်ပါတီမှ ဂင်နာဒီဇူဂါနို့ဗ်အပါအဝင် အခြားသော ပုဂ္ဂိုလ်သုံးဦး စုစုပေါင်းသမ္မတလောင်းငါးဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ ရှေ့ဆုံးမှပြေးသူက ဆန္ဒမဲ ၅၀ရာခိုင်နှုန်းထက်ကျော်၍မရလျှင် ဒုတိယအကြိမ် ထိပ်ဆုံးမဲအများဆုံးရသူနှစ်ဦး ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။*

***လဲလှယ်ယူ***

*သို့သော် မစ္စတာပူတင်က ထောက်ခံမဲ ၆၃ရာခိုင်နှုန်းရပြီး ဒုတိယကပ်လိုက်သူ ကွန်မြူနစ်ပါတီမှ ဂင်နာဒီဇာဂါနို့ဗ်က ၁၇ရာခိုင်နှုန်းသာရရှိပြီး သမ္မတရွေးကောက်ပွဲမှာ တစ်ဦးတည်းဖြင့်ပြီးသွားသည်။ ယခုတော့ သမ္မတမက်ဗီဒက်က ရုရှားဝန်ကြီးချုပ် တာဝန်ယူပြီး မစ္စတာပူတင်က ဝန်ကြီးချုပ်ရာထူးကိုစွန့်ကာ သမ္မတရာထူးလဲလှယ်ယူကြတော့မည်ဖြစ်သည်။*

*ပြီးခဲ့သည့်ဒီဇင်ဘာလက ရုရှားပါလီမန်ရွေးကောက်ပွဲတွင် အစာမကြေသူများက ဆန့်ကျင်လျက်ရှိရာ မေလတွင် သမ္မတဖြစ်လာမည့် မစ္စတာပူတင်အဖို့ အရာရာချောမွေ့ပါမည်လောဟု တွေးတောစရာဖြစ်သည်။*

*မည်သို့ပင်ဖြစ်စေ သမ္မတသက်တမ်းကို မူလက လေးနှစ်မှ ယခုအခါ ခြောက်နှစ်အထိ တိုးထားသည့်အတွက် မစ္စတာပူတင်အနေဖြင့် ရုရှားသမ္မတအဖြစ် ၂၀၁၈ ခုနှစ်အထိ ဆက်လက်တာဝန်ယူရကောင်း ယူရဖွယ်ရှိကြောင်း တွက်ဆရပါသည်။ ။*

***ကိုးကား-အင်တာနက်***

မြန်မာ့အလင်း သင်္ကြန်အကြို အခန်းဆက် ဝတ္ထုရှည်

# နှလုံးသားထဲက သင်္ကြန်

**တက္ကသိုလ်မောင်သုလှိုင်**

**မကြာမီ သင်္ကြန်ချိန်ခါ ကျရောက်ပါတော့မည်။ သင်္ကြန်ချိန်ခါကို အကြောင်းပြုပြီး သင်္ကြန်အခန်းဆက် ဝတ္ထုရှည်တစ်ပုဒ်ကို ရေးထုတ်ရန် မြန်မာ့အလင်းစာတည်းအဖွဲ့က စိတ်ကူးမိပါသည်။ သင်္ကြန်အငွေ့အသက်များ ထုံမွမ်းသော၊ရှေးခေတ်သင်္ကြန်၊ ယနေ့ခေတ် သင်္ကြန်၊ ရိုးရာသင်္ကြန် စသည်တို့ကို ဖော်ကျူးသော လွမ်းဆွတ်အောက်မေ့ဖွယ်၊ ရင်ခုန်ကြည်နူးဖွယ်၊ ချစ်ရန့်သင်းပျံ့ဖွယ် ဇာတ်လမ်းတစ်ပုဒ်အဖြစ် ဖတ်ရှုခံစားနိုင်ကြရန် ဖြစ်ပါကြောင်း…။**

စာတည်းအဖွဲ့

"ဒီနှစ်သင်္ကြန်တော့ ထူးပြီဟေ့"

သူငယ်ချင်းတစ်သိုက် စတူဒီယို ထဲမှာ သီချင်းတိုက်နေတုန်း ဖြုန်းဆို ပိုင်ထူးဝေ အော်ပြီးပြေးဝင်လာတာကြောင့် အားလုံးအငိုက်မိပြီး မှင်တက်မိနေရာမှ ထူးထူးမောင်က-

"ဟေ့ကောင် ဘာအရှူးထပြီး ထူးတယ်လို့ ပြောရတာလဲ"

"ထူးတယ်-ထူးတယ် မောင်တို့ရေ၊ ဒီနှစ်သင်္ကြန် ငါ့အစ်မ ရန်ကုန်ပြန်လာမယ်တဲ့"

"ဟေ့ကောင်-ဒါထူးတာလား။ ကိုရီးယားတက္ကသိုလ်မှာ ဆရာမလုပ်နေတဲ့ မင်းအစ်မ နှစ်တိုင်း ရန်ကုန် ပြန်လာနေတာပဲလေ"

"ထူးထူးမောင်ရာ အရပ်ရှည် သလောက် စကားက ရှည်တယ်။ စကားကို ဖြတ်ဖြတ်မပြောပါနဲ့။ ဆုံးအောင် နားထောင်ပါဦး"

"ကဲ ပြောပြော ဆက်ပြော-ငါဝင်မပြောတော့ဘူး"

"ငါ့အစ်မ ခင်စောဦး ကိုရီးယားက ပြန်လာတာက ထူးတာမဟုတ်ဘူး။ ထူးတာက သူနဲ့ပါလာမယ့် ကိုရီးယား သူလေးကြောင့်ကွ"

"ဟေ. . ."

သူငယ်ချင်းအားလုံး အံ့သြသွားကြသည်။ ဂစ်တာတီးသူ၊ ဒရမ်တီးသူ သူငယ်ချင်းတွေအားလုံး ပိုင်ထူးဝေအနား စုဝေးရောက်လာကြပြီး ပြောလာမယ့် စကားကို နားစွင့်လိုက်ကြသည်။

"ဒီလိုကွ - ဒီနှစ်သင်္ကြန် မမ အပြန်မှာ သူ့ရဲ့ တပည့် တက္ကသိုလ် ကျောင်းသူတစ်ဦးလည်း လိုက်လာမယ်တဲ့ကွ။ လိုက်လာတာလည်း ပြောရရင် မထူးသေးဘူး။ ထူးတာက သူ့ရဲ့အရည်အချင်းနဲ့ သူ့ရဲ့ ဝါသနာ"

"ဟုတ်လား"

သူငယ်ချင်းတစ်သိုက် အာရုံစိုက်၍ နားထောင်နေလိုက်သည်။

"သူ့နာမည်က လီယောင်းဝမ်တဲ့. .၊ ကိုရီးယားတက္ကသိုလ်မှာ မြန်မာဘာသာကို အထူးပြုသင်နေတယ်လို့ ပြောတယ်"။

"ဒါက ဘာထူးခြားလို့လဲ"။

ထူးထူးမောင်က ရွဲ့သလိုလိုနှင့် ခပ်နွဲ့နွဲ့လေး ဝင်ပြောပြန်သည်။ ဘေးက သူငယ်ချင်းတစ်သိုက်က "ငြိမ်ငြိမ်နားထောင်လေကွာ "ဟု ဝင်ဟန့်တော့မှ ငြိမ်သွားသည်။ အဲဒီနောက် ပိုင်ထူးဝေက စကားဆက်ပြီး-

" ထူးတာကဒီလို- သူက နာမည်ရခါစ တေးသံရှင်ပေါက်စ-အခုဆို ရုပ်သံဇာတ်လမ်းတွေမှာစပြီး သရုပ်ဆောင်နေတဲ့ မော်ဒယ်တဲ့"။

"ဟေ-ဟုတ်လား--"

သူငယ်ချင်းတစ်သိုက် အံ့သြသွားရသည်။

"အေး-ဒါကြောင့် ပြောတာ ထူးတယ်လို့၊ အဲဒီတော့ ငါတစ်ခု စဉ်းစားထားတယ်။ သူ့ကို ငါတို့ရဲ့ အဖွဲ့ထဲမှာ ဆိုဖို့ကဖို့ ပြီးတော့-"။

" ပြီးတော့ ဘာဖြစ်လဲ။

ဒီတစ်ခါတော့ သူငယ်ချင်း ဖြစ်သူ ဇော်မြင့်လွင်က သီချင်ဖော နှင့် ဝင်မေးသည်။

"ဒို့ ဒီနှစ်လုပ်မယ့် စတိတ်ရှိုးမှာ နာမည်ကျော် အဆိုတော်တွေလည်း ဖိတ်ထားတယ်။ သင်္ကြန်အဆိုနဲ့ သင်္ကြန် အကတွေလည်း မြိုင်မြိုင်ဆိုင်ဆိုင်လုပ်ထားတယ်။ တီးဝိုင်းကလည်း ငါတို့ကိုယ်တိုင်ဦးစီးတဲ့ တီးဝိုင်း၊ မနှစ်ကထက် ထူးခြားအောင်တို့ မဏ္ဍပ်မှာ အလှပြကားတွေလည်း ဝင်ပြိုင်နိုင်အောင် စီစဉ်ထားတယ်။ ပရိသတ်ကလည်း စည်မှာအမှန်ပဲ။ ဒီထက်ပိုစည်အောင် ၊ ပိုစိတ်ဝင်စားအောင် စင်မြင့်နောက်ခံမှာ ဖျော်ဖြေမယ့် တေးသံရှင် နာမည်တွေအပြင် ဧည့်သည်ကိုရီးယား တေးသံရှင် သရုပ်ဆောင် မော်ဒယ်လီယောင်းဝမ်က အထူးအစီအစဉ်တွေနဲ့ ပါဝင်တင်ဆက်မယ်လို့ ရေးမယ်-။ ကဲဘယ်လိုလဲ"။

"ဟာ ကောင်းတယ်- သိပ်ကောင်းတဲ့ အစီအစဉ်ပဲ"

သူငယ်ချင်းအားလုံး အားရဝမ်းသာ လက်ခုပ်တီးရင်း ပိုင်ထူးဝေ၏ အစီအစဉ်ကို ကြိုဆိုလိုက်ကြသည်။

××××××××××

အိမွန်ဆွေ. . .။

သူလေးကတော့ ပိုင်ထူးဝေနှင့် အတူ ကျောင်းတက်နေသည့် စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသူ. . .။ ပြောရရင် ပိုင်ထူးဝေ စိတ်ဝင်စားနေသူလေး. . .။ သည်ထက် တိတိကျကျပြောရရင် ပိုင်ထူးဝေ၏ ချစ်ရေးဆိုခြင်းကို ခံထားရသူ. . .။

ဒါပေမယ့် ပိုင်ထူးဝေကတော့ အိမွန်ဆွေ၏ ချစ်အဖြေကို မရခဲ့သေး။ ဒီနှစ်သင်္ကြန်အပြီး နှစ်ဆန်း တစ်ရက်နေ့မှာ အဖြေပေးမည်ဟု ဆိုထားခဲ့သူ. . .။

ပြောရရင် ပိုင်ထူးဝေနှင့် အိမွန်ဆွေတို့၏ နှစ်ဖက် မိသားစုများမှာ ကလေးနှစ်ဦး၏ ခင်မင်မှုကို အကြောင်းပြုကာ ရင်းနှီးဝင်ထွက်လို့ ရွှေလမ်းငွေလမ်းပင် ဖောက်ချင်လျှင် ဖောက်လို့ရသည့် အနေအထားရှိနေပါပြီ။

ပိုင်ထူးဝေ၏ မိခင်ဖြစ်သူ ဒေါ်အိအိထွေးကတော့ ကလေးတွေကျောင်းပြီးလို့ အလုပ်အကိုင်တွေရပြီးရင် နေရာချပေးဖို့ကိုပင် စဉ်းစားထားသူဖြစ်သည်။ သို့သော် ကလေးနှစ်ဦးရဲ့ အခြေအနေက မည်သို့မှန်းမသိ၊ သူငယ်ချင်းတွေပဲလား၊ ချစ်သူတွေပဲလား၊ မှန်းဆရန်ခက်နေသည်။

အိမွန်ဆွေကတော့ သည်နှစ်သင်္ကြန်တွင် ကမည့် အစီအစဉ်၊ ဆိုမည့် အစီအစဉ်မှာ မပါဝင်။ သို့သော် သင်္ကြန်ပွဲ ဆင်နွှဲမည့် အစီအစဉ်၊ မဏ္ဍပ်ဆောက်၊ ပြင်ဆင်၊ တီးဝိုင်းတိုက် စသည့်အစီအစဉ်တွေမှာတော့ ပိုင်ထူးဝေတို့နှင့်အတူ အစဉ်မခွဲ လက်တွဲကူညီရာတွင် ပါဝင်မြဲ။ ယခုလည်း သင်္ကြန်ပွဲမှာ သီဆိုမယ့်သီချင်းတစ်ပုဒ် ပိုင်ထူးဝေ အားထုတ်ရေးသားနေသည်ကို ဘေးနားက Note တွေ၊ စာသားတွေလိုက်ပါ ရေးကူးပေးနေလေရဲ့--။

အိမွန်ဆွေက သူ့လက်ရေးလှလှလေးတွေနဲ့ အမှားအယွင်းမရှိအောင် ဂရုတစိုက်ရေးနေလေရဲ့။ သီချင်းစာသားတွေ လှပဖို့အတွက် သံစဉ် Note တွေကလည်း အရေးကြီးတယ်လေ။ မှားလို့ဘယ်ရမလဲ။

သီချင်းစာသားတွေရေးပြီးတော့ အိမွန်ဆွေသီချင်း ခေါင်းစဉ်လေးကို သူ့လက်ရေးလှလှလေးနဲ့ ဝိုင်းသည်ထက်ဝိုင်းအောင် သတိထားရင်း တဖြည်းဖြည်းချင်း ရေးလိုက်သည်။

သီချင်းခေါင်းစဉ်က ဘာတဲ့--။

"နှလုံးသားထဲကသင်္ကြန်"တဲ့--။

××××××××××

သည်နေ့ ဧပြီလ ၆ ရက်. . .။

သင်္ကြန်ကာလ ရောက်ရန် တစ်ပတ်ခန့်သာ လိုတော့သည်။

ပိုင်ထူးဝေတို့ သူငယ်ချင်းတစ်သိုက် မဏ္ဍပ်ဆောက်ခြင်း၊ တေးသံရှင်များ ဖိတ်ကြားခြင်း၊ အလှပြကားများ ယှဉ်ပြိုင်နိုင်ဖို့ စီစဉ်ခြင်း၊ ခေတ်ပေါ်နှင့် ရိုးရာသင်္ကြန်ယိမ်းများဖြင့် ဖျော်ဖြေရေးအတွက် စီစဉ်ခြင်း စသည်တို့ကို လူခွဲ၍ လုပ်ကိုင်ခဲ့ကြသည်။

သည်နေရာတွင် သည်အလုပ်များကို သူတို့လူငယ်တွေတစ်သိုက်ချည်း. . . လုပ်၍မရ၊ ဦးစီးဦးဆောင် ပြုသူရှိဖို့လိုသည်။ ပွဲကလည်း ဝါသနာနှင့် အတွေ့အကြုံ ရှိဖို့လိုသည်။

စီစဉ်ညွှန်ကြားသူက ဘယ်သူပါလဲ. . .။ တစ်ချိန်က တက္ကသိုလ်အနုပညာရှင်အသင်းတွင် ထင်ရှားခဲ့သူ။ လွန်ခဲ့သော နှစ် ၃၀ ကျော်က စည်ကားလှသည့် သင်္ကြန်ပွဲတော်မှာ ထဲထဲဝင်ဝင် ပါဝင်ဆင်နွှဲခဲ့သူ ပိုင်ထူးဝေတို့၏မေမေ- ဒေါ်အိအိထွေး ပေပဲပေါ့. . .။

၁၉၇၀ ပြည့်နှစ်အလွန် ရန်ကုန် တက္ကသိုလ်၊ ထိုစဉ်ကတော့ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ပေပဲပေါ့။ အာစီဟုခေါ်သည့် တက္ကသိုလ်များ နားနေဆောင်ကြီးထဲက တက္ကသိုလ် အနုပညာအသင်းကြီးကတော့ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေ ပါမကျန် တေးသံစုံများဖြင့် စည်ကားခဲ့သည်ပေါ့။

ဒေါ်အိအိထွေးတစ်ယောက်သည်လည်း စာသင်ချိန် အားလပ်သည့် အခါ အနုပညာအသင်းမှာပင် စန္ဒရားတီးရင်း၊ သီချင်းဆိုရင်း အချိန်ကုန်ခဲ့သည်လေ။ အဲသည်မှာ ပိုင်ထူးဝေတို့ အဖေ ဦးချစ်ဝေနှင့် တွေ့ခဲ့ကြသည်ပေါ့။

တက္ကသိုလ်အနုပညာအသင်းကြီးမှာ ထိုစဉ်က အရှိန်အဟုန်အလွန် ကောင်းလေတော့ အဲဒီအသင်းကြီးထဲမှာ ပါဝင်သူတွေ၊ အဲဒီအသင်းကြီးထဲကနေ ထွန်းပေါက်ပြီး အနုပညာလောကမှာ ထူးချွန်လာသူတွေဟာ ယနေ့ဆို ဘယ်နည်းလိမ့်မလဲ. . .။

အဲဒီခေတ်၊ အဲဒီကာလက သင်္ကြန်မဏ္ဍပ်တွေဆိုရင် တက္ကသိုလ် အနုပညာအသင်းသားတွေရဲ့ စင်မြင့်တွေပဲပေါ့. . .။

အဲဒီမဏ္ဍပ် စင်မြင့်တွေပေါ်မှာ ဒေါ်အိအိထွေးဟာလည်း အဆို၊ အတီး၊ အကတွေနဲ့ ထင်ရှားခဲ့သူပေါ့။

ခင်ပွန်းဖြစ်သူ ဦးချစ်ဝေ ဆုံးပါးပြီးတဲ့နောက်ပိုင်း အနုပညာလုပ်ငန်းတွေကို မလုပ်နိုင်တော့ပေမယ့် အိမ်ထဲမှာတော့ ဂီတတူရိယာအနုပညာ ပစ္စည်းတွေက အမှတ်တရ နေရာယူလို့နေဆဲပါပဲ. . .။

ဟော - အခုတော့ မျိုးဆက်သစ် သားငယ်ပိုင်ထူးဝေက ထူးထူးခြားခြား အနုပညာကို ဝါသနာပါလာတာတွေ့ရတော့ မြေတောင်လည်း မြှောက်ပေးရင်း၊ အနုပညာနယ်ကျွံပြီး လမ်းမှားကိုလည်း မပျောက်အောင် ထိန်းကျောင်းပေးလို့ အနုပညာနယ်မှာ ပျော်မွေ့နေရပြန်ပြီလေ. . .။

" မေမေ. . . မေမေ"

"ဟေ. . . သား. . . "

"မေမေရယ် ခေါ်လိုက်ရတာ ဘာတွေများစဉ်းစားနေတာလဲ-ဒီမှာ သားတို့ သီချင်းတိုက်နေတာ စာသားနဲ့ သံစဉ် ဘယ်လိုနေလဲ-ဝေဖန်ပေးပါဦး မေမေရ"

အတိတ်က အနုပညာရင်ပြင်ကို ပြန်မြင်စဉ်းစားနစ်မျောနေခဲ့သည့် ဒေါ်အိအိထွေးတစ်ယောက် သားငယ်က အခါခါခေါ်တော့မှ သတိဝင်ကာ။

"နောက်တစ်ခေါက် ပြန်ဆိုကြည့်ပါဦး-သားရဲ့"တဲ့. . .။

ယနေ့တွင် စတူဒီယိုကို မသွားဘဲ အိမ်မှာပဲ စန္ဒရားအတီးဖြင့် "နှလုံးသားထဲက သင်္ကြန်" သီချင်းကို တိုက်ဖြစ်ကြသည်။ ခြောက်လုံးပတ်လေး တွဲလိုက်ရင် သင်္ကြန်သီချင်းက ပြည့်စုံပြီလေ။

သီချင်းကို ပိုင်ထူးဝေက ဆိုသည်။ ခြောက်လုံးပတ်ကိုတော့ ဒူးခေါင်းထောင်ပြီး တီးတတ်သည့် ထူးထူးမောင်က လက်စွမ်းပြ။ စန္ဒရားကိုတော့ သူငယ်ချင်း ဇော်မြင့်လွင်က တီးခတ်ပေး။ သို့ပေမယ့် သည်တစ်ခါ သီချင်းအတိုက်မှာတော့ ဒေါ်အိအိထွေးက သူကိုယ်တိုင် စန္ဒရားတီးပေးမယ်တဲ့လေ. . .။

"အန်တီအိရဲ့ လက်သံနဲ့ ကိုပိုင်ရဲ့ အဆိုနဲ့ဆိုတော့ သီချင်းလေးက တော့ မြိုင်သွားပြီ"ဟု အားပေးနေသူကတော့ ပိုင်ထူးဝေ မပိုင်သေးတဲ့ အိမွန်ဆွေပဲပေါ့. . .။

မန္တလေးဒိုးလေးနဲ့ဆိုတော့ နှလုံးသားထဲက သင်္ကြန်က နားထောင်၍ ကောင်းလှသည်။ ဒေါ်အိအိထွေး၏ စန္ဒရားလက်သံကလည်း ပီပေ့၊ ကြည်ပေ့၊ မြိုင်ပါပေ့။

ထူးထူးမောင်ကလည်း သူ့ဒူးခေါင်းနှင့် ပတ်လုံးကို မမှားအောင် သတိထားတီး၍ ထွက်ပေါ်လာသည့် ဒိုးသံကလည်း စည်းချက်ကျလှသည်။

သီချင်းပြီးတော့ မေမေ ဒေါ်အိအိထွေးက မှတ်ချက်ပြုလေ၏။ "သီချင်းစာသားတွေ၊ သံစဉ်တွေ ပြောစရာ မရှိဘူး။ ဒါပေမယ့် တစ်ခုခု လိုနေသလိုပဲ"တဲ့. . .။ "ဘာလိုလို့လဲ" လို့ ပိုင်ထူးဝေကမေးတော့ မေမေက- "သားအတွက် အကမင်းသမီးလေးလေ"တဲ့လေ. . .။

**(ဆက်လက်ဖော်ပြပါမည်)**

---

မြန်မာ့အလင်း သင်္ကြန်အကြိုမြင်ကွင်းသတင်းပဒေသာ

# ရေကစားမဏ္ဍပ်တွေက အပြိုင်အဆိုင်

(သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ ➤ တင်စိုး (မြန်မာ့အလင်း))

**ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ဆီဒိုးနားဟိုတယ်ရှေ့ ဆောက်လုပ်ဆဲမဏ္ဍပ်တစ်ခုကို တွေ့ရစဉ်။**

**ရန်ကုန် ဧပြီ ၈**

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်မှ ၁၃၇၄ ခုနှစ်သို့ မကြာမီ ရက်အနည်းငယ်အတွင်း ကူးပြောင်းပေတော့မည်။ နှစ်သစ်ကူးပြောင်းမှုနှင့်အတူ မြန်မာ့ရိုးရာခါသင်္ကြန်ပွဲတော်လည်း ကျင်းပတော့မည်ဖြစ်ရာ ရန်ကုန်မြို့ နေရာအနှံ့၌ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ အပြိုင်အဆိုင် ဆောက်လုပ်နေသည်ကို မြင်တွေ့ရပေပြီ။

စူပါမားကတ်များ၊ စတိုးဆိုင်များ၊ ဈေးများ၌ သင်္ကြန်အကြိုဈေးရောင်းပွဲများ၊ အထူးနှုန်းဖြင့် ဈေးလျှော့၍ အီလက်ထရွန်နစ်ပစ္စည်းများ ရောင်းချပေးခြင်း၊ သင်္ကြန်ဖက်ရှင် အဝတ်အထည်များ၊ သင်္ကြန်ကလေးကစားစရာ ပစ္စည်းများ ရောင်းချပေးမှုကို တွေ့ရသည်။

ရာသီဥတုကို မမှုဘဲ မြန်မာ့ရိုးရာသင်္ကြန်ကို အတာရေပက်ဖျန်းခြင်းဖြင့် ပျော်ရွှင်စွာ ရေကစားကြမည့် ပြည်သူများ ပုံရိပ်ကို မြင်ယောင်နေမိသည်။ လူငယ်များ ရေကစားနိုင်ရန် ကန်တော်ကြီး ကန်ပတ်လမ်း တစ်လျှောက်၊ တက္ကသိုလ် ရိပ်သာလမ်း၊ စက်မှုလမ်း၊ ပြည်လမ်း မဏ္ဍပ်များ အပြိုင်အဆိုင် ဆောက်လုပ်နေသည်ကို တွေ့ရသည်။ အဆိုပါမဏ္ဍပ်များ၌ စာရင်းပေးသွင်း၍ ရေပက်ကစားနိုင်ပြီး ဖျော်ဖြေရေး အကအဖွဲ့များလည်းပါရှိသဖြင့် လူငယ်များ ပျော်ရွှင်စွာ ရေပက်ကစားနိုင်မည် ဖြစ်သည်။

ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်ရှေ့၌ မဏ္ဍပ်ကြီးတစ်ခုလည်း ဆောက်လုပ်လျက်ရှိပြီး ဟာသ သရုပ်ဆောင် ကုသိုလ်၊ မေတ္တာ၊ ဗေလုဝ တို့၏ ဖျော်ဖြေရေး အစီအစဉ်နှင့် လူမင်း၊ ဆောင်းဦးလှိုင်၊ ရန်ပိုင်စိုး၊ ရှင်ဖုန်း၊ သက်မွန်မြင့်၊ မိုးယုစံ၊ နီနီခင်ဇော်တို့၏ တေးဂီတဖျော်ဖြေရေး အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလတွင် ရေပက်ကစားသူများရော၊ ရေပက်ခံထွက်သူများပါ ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် ရေကစားမဏ္ဍပ်များ နေရာအနှံ့တွင် ဆောက်လုပ်လျက်ရှိသဖြင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို မိမိတို့ကြောင့် အကျည်းတန် မညစ်နွမ်းအောင် ဝတ်စားဆင်ယင်မှုများ ထိန်းသိမ်းခြင်း၊ အလွန်အကြူး ပျော်မြူးခြင်းများ မဖြစ်အောင် ထိန်းသိမ်းနိုင်ကြပါစေကြောင်း သင်္ကြန်အကြို ပုံရိပ်များကို သတင်းမြင်ကွင်းတင်ဆက်လိုက်ရပါကြောင်း။ ။

---

# မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် ခင်ဦးမြို့၌ စည်ကားစွာနွှဲပျော်မည်

**ခင်ဦး ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃ ရက် နံနက် ၉နာရီတွင် ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရာဇာအေးက အမှာစကားပြောကြားသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ယခင်နှစ်က ကျင်းပခဲ့သည့်အတိုင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချစ်ငွေက မြို့လယ်ဗဟိုမဏ္ဍပ် တည်ဆောက်ရေးကို လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးထွန်းကြည်က မြို့ပေါ် (၄)ရပ်ကွက် သင်္ကြန်ယိမ်းအက၊ တေးဂီတများ ဖျော်ဖြေခြင်းကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်မင်းချွန်က ယိမ်းအကပြိုင်ပွဲနှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်းက မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်လုံခြုံရေး၊ စည်းကမ်းတကျ ပျော်ရွှင်ရေးတို့ကို လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်းက ၁၃၇၄ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့ သက်ကြီးဘိုးဘွား ၈၇ ဦး ပူဇော်ပွဲနှင့် စပ်လျဉ်း၍လည်းကောင်း မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (၀၃၇)

---

✱ *ကျောဖုံးမှ*

အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့ကတော့ သင်္ကြန်တွင်း၌ ယခုလို ဖြတ်သန်းမယ်လို့ စိတ်ကူးထားကြပါတယ်။

"ကျွန်တော်တို့က သမီးလေးနဲ့အတူတူ အိမ်မှာပဲ သင်္ကြန်တွင်းမှာ အနားယူဖြစ်ဖို့ စဉ်းစားထားပါတယ်။ ကလေးကလည်းငယ်သေးတော့ ခရီးလည်းထွက်လို့ မကောင်းသေးတဲ့အတွက် ကုသိုလ်ကောင်းမှုလုပ်ပြီး မိသားစုစုံစုံညီညီနဲ့ အိမ်မှာပဲရှိမယ်" လို့ ပြောပြပါတယ်။

ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော် ဝိုင်းစုခိုင်သိန်းကတော့ သင်္ကြန်ကို သီချင်းတွေဆိုရင်း ဖြတ်သန်းဖို့ရှိတဲ့အကြောင်းကို ပြောပြပါတယ်။ "ဒီနှစ်သင်္ကြန်မှာ အရင်နှစ်တွေကလိုပဲ မန္တလေး Alpine မဏ္ဍပ်မှာပဲ သီချင်းတွေဆိုဖြစ်မှာပါ။ သုံးနှစ်ရှိပြီလေ။ အယ်ပိုင်းလ်သင်္ကြန်မှာပဲ ထိုင်ဖြစ်နေတာ။ မန္တလေးပရိသတ်နဲ့လည်း အရမ်းရင်းနှီးနေပြီလေ" လို့ ဝိုင်းစုခိုင်သိန်းက သင်္ကြန်ရင်ခုန်သံကို ပြောပြပါတယ်။

တီဗွီကြော်ငြာများအတွင်း အများဆုံးနေရာယူထားသည့် မင်းသမီးလေး ဝတ်မှုံရွှေရည်ကတော့ သင်္ကြန်ရက်အတွင်း အပန်းဖြေရင်း ခရီးထွက်လိုတဲ့ သူမရဲ့ စိတ်ကူးကို အခုလို ပြောပြပါတယ်။

"သင်္ကြန်မှာ ဒီနှစ်တော့ အေးအေးဆေးဆေးအနားယူရင်း အပန်းဖြေခရီးထွက်ဖြစ်မယ်လို့ စိတ်ကူးထားတယ်။ အရင်နှစ်တွေကတော့ မဏ္ဍပ်ထိုင်ဖြစ်တယ်" လို့ ပြောပြပါတယ်။

☞ အာကာဟိန်း-စုစည်းသည် ☜

# စပိန်လာလီဂါပွဲစဉ်(၃၁)ယှဉ်ပြိုင် ဘာစီလိုနာတို့ နိုင်ပွဲရရှိ

မက်ဒရစ် ဧပြီ ၈

*စပိန်လာလီဂါပွဲစဉ် (၃၁) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၈ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ရီးရဲဇာရာဂိုဇာနှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာက အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အဖိုးတန်သုံးမှတ်ရရှိကာ တန်းစီဇယားထိပ်ဆုံးမှ ရီးရဲမက်ဒရစ်ကို ဖိအားပေးနိုင်ခဲ့သည်။* **(ယာပုံ)**

*အိမ်ရှင်ရီးရဲဇာရာဂိုဇာတို့ ပွဲအစ တိုက်စစ်ဆင်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၂၄ မိနစ်၌ ပယ်နယ်တီရရှိခဲ့ရာ ယင်းပယ်နယ်တီကို အာရင်ဒါကန်သွင်းခဲ့သော်လည်း ဂိုးမဝင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ သို့သော် ပွဲချိန် မိနစ် ၃၀ ၌ အာရင်ဒါက ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဇာရာဂိုဇာတို့ တစ်ဂိုးရရှိခဲ့သည်။*

*ဘာစီလိုနာတို့က ချေပဂိုးရရှိရေးကြိုးစားခဲ့ရာ ပွဲချိန် ၃၆ မိနစ်၌ ပူယိုးလ်က ချေပဂိုး ပြန်သွင်းယူနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၃၉ မိနစ်၌ မက်ဆီက ဘာစီလိုနာအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၄၅ မိနစ်တွင် ရီးရဲဇာရာဂိုဇာမှ မီနီရိုမှာ နှစ်ဝါတစ်နီဖြင့် အထုတ်ခံရသဖြင့် ၁၀ ဦးတည်း ဆက်လက်ကစားခဲ့ရသည်။ ဒုတိယပိုင်း ပွဲချိန် ၈၆ မိနစ်၌ မက်ဆီက ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူခဲ့သည့်အပြင် မိနစ် ၉၀ ၌ အယ်ကင်တာရာက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး ဘာစီလိုနာက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။*

*အခြားပွဲစဉ်အဖြစ် ရီးရဲဘက်တစ်နှင့် ဗီလာရီးရဲတို့ပွဲတွင် ရီးရဲဘက်တစ်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ရီးရဲဘက်တစ်အတွက် ဂိုးများကို ၃၈ မိနစ်၌ ခရုဇ်က တစ်ဂိုး၊ ၃၈ မိနစ်၌ မာတင်ကတစ်ဂိုးနှင့် ၅၈ မိနစ်၌ ဘာရီရာကတစ်ဂိုး သွင်းယူခဲ့သဖြင့် သုံးဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၆၆ မိနစ်တွင် ဗီလာရီးရဲလ်မှ လိုပက်ဇ်နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ ဗီလာရီးရဲလ်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ မိနစ် ၉၀ ၌ ရူဘင်က ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး သုံးဂိုး-တစ်ဂိုးဖြင့် ရီးရဲဘက်တစ်တို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။* **(အင်တာနက်)**

# မီတာ ၂၀၀ ပက်လက်ကူး၌ ဂျပန်ရေကူးသမားအီရီအနိုင်ရရှိ

တိုကျို ဧပြီ ၈

*ကမ္ဘာ့ရေကူးငွေတံဆိပ်ပိုင်ရှင် ဂျပန်ရေကူးအားကစားသမား အီရီသည် ဧပြီ ၈ရက်ကကျင်းပသော ဂျပန်နိုင်ငံအမျိုးသား မီတာ ၂၀၀ ပက်လက်ကူးပြိုင်ပွဲ၌ ပထမရရှိခဲ့သဖြင့် မကြာမီကျင်းပတော့မည့် ၂၀၁၂ လန်ဒန်အိုလံပစ်၌ ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။*

*အသက်၂၂နှစ်အရွယ်ရှိ အီရီ (အောက်ပုံ) သည် အမျိုးသားမီတာ ၂၀၀ ပက်လက်ကူးပြိုင်ပွဲ၌ ၁ မိနစ် ၅၄ ဒသမ ၀၃ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဒုတိယရရှိသည့် ကာကူကီဝါတာနာဘာမှာ ၁ မိနစ်၅၆ ဒသမ ၈၃စက္ကန့်ဖြင့်ပန်းဝင်ခဲ့ပြီး တတိယ ရရှိခဲ့သည့် ယူကီရှိရာရီမှာ ၁ မိနစ် ၅၇ ဒသမ ၆၀ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ခြင်းဖြစ်သည်။ မိမိသည် လန်ဒန်အိုလံပစ်ရေကူးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးနိုင်ရေး ယုံကြည်မှုအပြည့်ရှိနေကြောင်း ရေကူးသမား အီရီကပြောကြားသည်။* (အင်တာနက်)

# အီတလီစီးရီးအေပွဲစဉ်(၃၁) ယှဉ်ပြိုင် အေစီမီလန်တို့ရှုံးပြီး တန်းစီဇယားဒုတိယနေရာဆင်းပေးခဲ့ရ

ရောမ ဧပြီ ၈

အီတလီစီးရီးအေပွဲစဉ် (၃၁) ကို ဧပြီ ၈ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ အေစီမီလန်နှင့် ဖီအိုရင်တီးနားတို့ပွဲတွင် ဖီအိုရင်တီးနားက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ရာ အေစီမီလန်တို့ တန်းစီဇယားထိပ်ဆုံးနေရာမှ ဖယ်ရှားပေးလိုက်ရပြီဖြစ်သည်။ **(ဝဲပုံ)**

အေစီမီလန်အသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း တိုက်စစ်မှူးများ အဆုံးသတ်မသေချာမှုကြောင့် မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ အေစီမီလန်တို့ ပထမပိုင်းပွဲချိန် ၃၁ မိနစ်၌ အီဘရာဟီမိုဗစ်က ပယ်နယ်တီမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဧည့်သည်ဖီအိုရင်တီးနားတို့က နားလည်မှုရှိရှိ အချိတ်အဆက်မိမိ ကစားနိုင်ခဲ့မှုကြောင့် ပွဲချိန် ၄၇ မိနစ်၌ ဂျိုဗီတစ်က ချေပဂိုးပြန်သွင်းယူနိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်းပွဲချိန်ပြည့်ခါနီး ၈၉ မိနစ်၌ ဖီအိုရင်တီးနားမှ အမာယူရီက အနိုင်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး ဖီအိုရင်တီးနားတို့ နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲရှုံးခဲ့သဖြင့် အေစီမီလန်တို့ ၃၁ ပွဲကစား၊ ၆၄ မှတ်ဖြင့် တန်းစီဇယား ဒုတိယနေရာသို့ ဆင်းပေးခဲ့ရသည်။

အခြားပွဲစဉ်များအဖြစ် ကာဂလီရာရီနှင့် အင်တာမီလန်တို့ပွဲတွင် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ကာဂလီရာရီအတွက် ဂိုးများကို အက်တိုရီနှင့် ပီနီလာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ပြီး အင်တာမီလန်အတွက် နှစ်ဂိုးကို မီလီတိုနှင့် ကမ်ဘီရာဆိုတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**အခြားပွဲရလဒ်များ**

| | | |
|---|---|---|
| လက်ချီ | ၄-၁ | ရီးမား |
| နိုဗာရာ | ၁-၁ | ဂျီနိုအာ |
| အူဒီးနီးစ် | ၃-၁ | ပါးမား |
| ပါလာမို | ၀-၂ | ဂျူဗင်းတပ်စ် |

(အင်တာနက်)

# ကမ္ဘာ့ကျော်တင်းနစ်မယ်ဆီရီနာဝီလျံ Family ဖလားဗိုလ်လုမည်

မြင့်မောင်စိုး စုစည်းသည်

ချာလက်စတန် ဧပြီ ၈

*ကမ္ဘာကျော်တင်းနစ်အားကစားမယ် ဆီရီနာဝီလျံသည် အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ချာလက်စတန်မြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ Family Circle Cup တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ဘက် ဆမန်သာစတိုဆာအား ၆-၁၊ ၆-၁ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။* **(ယာပုံ)**

*ဆီရီနာဝီလျံသည် စတိုဆာအား တစ်နာရီပြည့်ပြည့်ပင် မကစားရဘဲ အနိုင်ရလိုက်ခြင်းဖြစ်သည်။ "ကျွန်မ ဒီပွဲအစမှာပဲ ပြိုင်ပွဲတွေဆက်တိုက်အနိုင်ရခဲ့တာကြောင့် အနိုင်ရမယ်လို့ မျှော်လင့်ထားခဲ့ပါတယ်"ဟု ဆီရီနာဝီလျံက ပြောကြားသည်။*

**ရေပန်းစား**

*ဆီရီနာဝီလျံသည် ဗိုလ်လုပွဲတွင် ပိုလိုနာဟာကော့ကို ၆-၀၊ ၆-၀ ဖြင့်အနိုင်ရခဲ့သည့် ဆာဖာရိုဗာနှင့် ကစားရမည်ဖြစ်သည်။ ချက်တင်းနစ်မယ် ဆာဖာရိုဗာသည် ဆီရီနာဝီလျံနှင့် လေးကြိမ်ဆုံတွေ့ကစားခဲ့ရာတွင် လေးကြိမ်စလုံးရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် ပြိုင်ပွဲတွင် ဆီရီနာဝီလျံဖလားဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။* **(အင်တာနက်)**

# မန်ယူနှင့် ဖလားယူမည်ဟု ပေါလ်စခိုးပြောကြား

လန်ဒန် ဧပြီ ၈

ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်ယူနှင့်အတူ ဖလားယူရန် အသင့်ရှိနေကြောင်း ကွင်းလယ်ကစားသမားပေါလ်စခိုးက ပြောကြားလိုက်သည်။ **(ယာပုံ)**

**ဦးဆောင်**

ပေါလ်စခိုးသည် ဇန်နဝါရီလက မန်ယူကစားသမားအဖြစ် အနားယူခဲ့ပြီးနောက် ပြန်လည်ကစားနေသူဖြစ်သည်။ နည်းပြဖာဂူဆန်၏ မန်ယူသည် ပွဲစဉ် (၃၁)အပြီး ငါးမှတ်အသာဖြင့် ပြိုင်ဘက်မန်စီးတီးကို ဦးဆောင်လျက်ရှိသည်။ ပေါလ်စခိုးသည် မန်ယူနှင့်အတူ ပရီမီယာလိဂ်ဖလားကို (၁၀)ကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့ပြီးဖြစ်သည်။ အကယ်၍ မန်ယူဖလားဆွတ်ခူးမည်ဆိုပါက ပေါလ်စခိုးအတွက် ၁၁ လုံးမြောက်ဖလား ဖြစ်လာမည်ဖြစ်သည်။ **(အင်တာနက်)**

# ဆွီဒင်ဂေါက်သီးကစားသမား မာစတာပြိုင်ပွဲတွင် ဦးဆောင်

အော်ဂတ်စတာ ဧပြီ ၈

ဆွီဒင်ဂေါက်သီးအကျော်အမော် ပီတာဟန်ဆင်သည် ဧပြီ ၇ ရက်က အမေရိကန်နိုင်ငံ အော်ဂတ်စတာမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိသည့် မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲအပြီးတွင် ပြိုင်ဘက်များကို ဦးဆောင်ကစားလျက်ရှိသည်။ **(ဝဲပုံ)**

အသက် ၃၄ နှစ်ရှိ ပီတာဟန်ဆင်သည် တတိယနေ့အပြီး စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ထားသည်။၎င်း၏နောက်မှ အမေရိကန်ဂေါက်သီးကစားသမား ဖီးလ်မိုက်ကယ်ဆင်က ရှစ်ချက်လျှော့ရိုက်ထားသည်။ ပီတာဆင်သည် ဧပြီ ၇ ရက်က ကစားခဲ့သည့် တတိယနေ့ပြိုင်ပွဲတွင် ၆၅ ချက်သာ ရိုက်ခဲ့သဖြင့် The best round of the week အဖြစ် သတ်မှတ်ခံရသည်။ သီတင်းပတ်အတွင်း အကောင်းဆုံးရိုက်နိုင်သူဖြစ်လာသည်။ **(အင်တာနက်)**

# နည်းပြမန်စီနီ အသင်းမှ ထွက်ခွာဖွယ်ရှိ

လန်ဒန် ဧပြီ ၈

*မန်စီးတီးအသင်းနည်းပြ မန်စီနီသည် အသင်းမှထွက်ခွာဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ ၎င်းသည် မန်စီးတီးအသင်းတွင် သက်တမ်းကြာရှည်စွာ နေထိုင်လုပ်ကိုင်ရန် အာမခံထားသူမဟုတ်ပေ။ သို့သော်လည်း မန်စီးတီးအသင်း အနာဂတ်အောင်မြင်ရေးအတွက် အုတ်မြစ်ချပေးနိုင်လိမ့်မည်ဟု သူ့အနေဖြင့် ယုံကြည်ထားသူဖြစ်သည်။* (ဝဲပုံ)

*မန်ယူနှင့် မန်စီးတီးတို့၏ ဖလားတိုက်ပွဲကြောင့် နည်းပြမန်စီနီသည် အသင်းမှ ထွက်ခွာလိမ့်မည်ဟု ထင်ကြေးပေးနေကြသည်။*

*မန်စီနီသည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလက မတ်ဟုတ်ချ်နေရာတွင် ဆက်ခံသည့် နည်းပြဖြစ်လာသူဖြစ်သည်။ နည်းပြမန်စီနီသည် ယခုနှစ် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်မည့်အနေအထား အားနည်းနေသော်လည်း သူ၏မန်စီးတီးအသင်းနည်းပြသက်တမ်းအတွင်း မန်စီးတီးအသင်းနှင့်အတူ အက်ဖ်အေဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ မန်စီးတီးအသင်းက ၁၉၆၈ ခုနှစ်နောက်ပိုင်း အက်ဖ်အေဖလားကို နည်းပြမန်စီနီနှင့်အတူ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။* (အင်တာနက်)

# နိုင်ငံခြားဈေးကွက်ကလက်ခံသော ပုလဲသွယ်စပ်မျိုးစပါး ပြောင်းလဲစိုက်ပျိုး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နည်းပညာများပံ့ပိုးပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၈**

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ၆၆ ဧက စိုက်ကွင်း၌ ဧရာဟသ်ာဆန်စပါး အထူးပြု ကုမ္ပဏီက ပုလဲသွယ်စပ်မျိုးစပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေကျပ် နှစ်သိန်းစီပေးချေကာ ၆၆ ဧကအတွက် စုစုပေါင်းငွေကျပ်၁၃၂သိန်း ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးက ပဲခူးတိုင်းဒေသကြီးမှ တောင်သူလယ်သမားများ၏ တောင်းဆိုမှုအရ ပုလဲသွယ်စပ်မျိုးစပါးကို ယခုနှစ်တွင် နွေစပါး ၁၀၂၅ ဧက စိုက်ပျိုးနိုင်ခဲ့မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများ၏ နည်းပညာပေးဟောပြောမှုတို့ကြောင့် လာမည့်မိုးစပါးစိုက်ပျိုးရာသီတွင် ဧက ၁၀၀၀ စိုက်ပျိုးရန် စီမံ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဟသ်ာဆန်စပါး အထူးပြုကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးတင်အုန်းက ပုလဲသွယ်စပ်မျိုးစပါး၏အရည်အသွေးကောင်းမွန်မှု၊ ဈေးကွက်ရရှိမှု အခြေအနေများနှင့် တောင်သူများ စိုက်လိုအားတက်လာစေရန် တင်း ၁၀၀လျှင် ငွေကျပ် ၄ သိန်းနှုန်းဖြင့် ကြိုတင်ငွေကျပ် ၂သိန်းပေးချေခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးအေးကိုကိုက မြို့နယ်အလိုက် ပုလဲသွယ်စပ်မျိုးစပါးများ သိပ္ပံနည်းကျ စိုက်နည်းစနစ် (G.A.P) ဖြင့် ဆောင်ရွက်ထားရှိမှု၊ တစ်ဧကတင်း ၂၀၀ ထွက်ရှိရေး တောင်သူ ၃၂၅ ဦးဖြင့် ၁၀ ဧကကွက် ၃၂ ကွက်ယှဉ်ပြိုင်ရန် စိုက်ပျိုးထားရှိမှု၊ လာမည့်မိုးစပါးရာသီတွင် ပုလဲသွယ် စပ်မျိုးစပါးကို တောင်ငူခရိုင်၌ ဧက ၃၀၀၀၊ ပြည်ခရိုင်၌ ဧက ၂၅၀၀၊ ပဲခူးခရိုင်၌ ဧက ၂၀၀၀၊ သာယာဝတီခရိုင်၌ ဧက ၂၅၀၀ စုစုပေါင်း ဧက ၁၀၀၀၀ စိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဟသ်ာဆန်စပါး အထူးပြုကုမ္ပဏီက ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးသည့် တောင်သူတစ်ဦးချင်းစီသို့ စုစုပေါင်း ၆၆ ဧကအတွက် ငွေကျပ် ၁၃၂ သိန်းကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခုအခမ်းအနားသည် လယ်သမားများ ဘဝတိုးတက်မှု ရောင်ခြည်သန်းအောင် ဦးစီးရှေ့ဆောင်ပြုလုပ်သည့် အခမ်းအနားတစ်ခုဟု တင်စားလိုကြောင်း။

## ပံ့ပိုး

မိမိတို့စပါးများ မျိုးမမှန်မှုကြောင့် ဆန်ကြိတ်ခဲ့ရာတွင် ဈေးကောင်းမရသဖြင့် မျိုးပြောင်းလဲစိုက်ပျိုးရန် စီမံခဲ့ရခြင်းဖြစ်ကြောင်း၊ ဈေးကွက်ထိုက်ထိုက်တန်တန်ရှိသည့် နိုင်ငံခြားဈေးကွက်ကလက်ခံသော ပုလဲသွယ်စပ်မျိုးစပါးကို ပြောင်းလဲစိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဝန်ထမ်းများ၊ ပညာရှင်များက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ ပံ့ပိုးပေးလျက်ရှိကြောင်း။

## ဝမ်းမြောက်ဂုဏ်ယူ

မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် အစိုးရ-ပြည်သူ-ပုဂ္ဂလိက (Public-Private- Partnership) ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးသည်မှတွက်ခြေကိုက်သည့်ဈေးနှုန်းဖြင့် ဈေးကွက်တင်ရောင်းချသည့်အထိ စ-လယ်-ဆုံး ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ (Total Solution)ကို ယခုကဲ့သို့ တက်ညီလက်ညီ ရွှင်ရွှင်ပြုံးပြုံးဖြင့် ပူးပေါင်းရိုင်းပင်း ကူညီဆောင်ရွက်ပေးနေမှုများ အပေါ်တွင်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးတက်စေရေး ဝိုင်းဝန်းကူညီရိုင်းပင်းစို့ဟူသည့် ကြွေးကြော်ချက်ဖြင့် လယ်သမားများ လူနေမှုဘဝတိုးတက်စေရေး ဆောင်ရွက်ပေးရာတွင် ဝန်ကြီးဌာန၊ လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများအားလုံး အပြန်အလှန်ယုံကြည်စွာဖြင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့်အတွက် အရှိန်အဟုန်ရလာပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်သူလယ်သမားများနှင့်အတူ မြန်မာ့ပုလဲသွယ်စပါးမျိုးနမူနာနှင့် ကြိတ်ခွဲပြီး ဆန်နမူနာတို့ကို ကြည့်ရှုပြီး ပုလဲသွယ်ထမင်း၏ အရည်အသွေးကို စမ်းသပ်စားသုံးကာ အောင်မြင်ဖြစ်ထွန်းနေသော ပုလဲသွယ်စပ်မျိုးစပါး ၆၆ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ခင်းကိုလည်း ကြည့်ရှုအားပေးသည်။

ဧရာဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီအနေဖြင့် ပုလဲသွယ်စပ်မျိုးစပါး တင်း ၁၀၀ လျှင် အာမခံကြေးငွေကျပ် လေးသိန်းနှုန်းဖြင့် ကြိုတင်ငွေကျပ် နှစ်သိန်းစီကို ပေးအပ်ခဲ့ရာ စုစုပေါင်း ငွေကျပ် ၁၉၃၂ သိန်း ကြိုတင် ငွေပေးချေခဲ့ပြီးကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကြည့်ရှုအားပေး

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ၆၆ ဧက စိုက်ကွင်းကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## မြန်မာ့ယဉ်ကျေးမှုသကြၤန်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြၤန်ဖြင့် မြှင့်တင်ပါ။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းဆောင်သစ် မြေနေရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး စစ်ဆေး

**နေပြည်တော် ဧပြီ ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံအတွက်အားကိုးအားထားပြုရမည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးကြရန်၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်လာအောင် ဆောင်ရွက်နေချိန်တွင် ဆရာ ဆရာမများအနေဖြင့်လည်း တစ်တပ်တစ်အား ကြိုးစားဆောင်ရွက်ကြရန်၊ အရည်အသွေးမြင့်မားရေးအတွက် အစဉ်လေ့လာသင်ယူနေကြရန်၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပေးဆပ်ကြရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# သကြၤန်ကာလအတွင်း ရန်ကုန်မြို့ရှိ လမ်းအချို့အား တစ်လမ်းမောင်းစနစ်ကျင့်သုံးမည်

**ရန်ကုန် ဧပြီ ၈**

၁။ မဟာသကြၤန် ပွဲတော်ကာလဖြစ်သည့် ဧပြီလ ၁၂ ရက်နေ့ (အကြိုနေ့)မှ ၁၆ ရက်နေ့ (အတက်နေ့)အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ရှိ အောက်ဖော်ပြပါလမ်းများအား တစ်လမ်းမောင်းစနစ်ကျင့်သုံးမည်ဖြစ်သည်-

(က) **ကမ္ဘာအေးစေတီလမ်း။** ဆရာစံလမ်းဆုံ (ဟာမစ်တစ်)မှ ပါရမီလမ်းဆုံအထိ တောင်မှမြောက်သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(ခ) **စက်မှု (၁)လမ်း။** ဆရာစံလမ်းဆုံမှ ကမ္ဘာအေးစေတီလမ်းဆုံအထိ အရှေ့မှအနောက်သို့ တစ်လမ်းမောင်း သတ်မှတ်သည်။

(ဂ) **ဆရာစံလမ်း။** ကမ္ဘာအေးစေတီလမ်းဆုံမှ စက်မှု (၁) လမ်းဆုံအထိ အနောက်မှ အရှေ့သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(ဃ) **ကန်တော်ကြီးပတ်လမ်း။** ဦးထောင်ဘိုအဝိုင်း၊ တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့ အဝင်လမ်းသတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ၄င်းမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိသည်။ ကန်တော်ကြီးပတ်လမ်းသို့ ချဉ်းကပ်လမ်းများအားလုံး ညာကွေ့ပြီး လက်ဝဲရစ်သွားရမည်ဖြစ်သည်။ (ကန်တော်ကြီးပတ်လမ်းသို့ ဝင်ရောက်မည့် အထက်ပန်းဆိုးတန်းလမ်းမှယာဉ်များသည် ဒေါ်သိန်းတင်မီးပွိုင့်မှ လည်းကောင်း၊ သိမ်ဖြူလမ်းမှ ယာဉ်များသည် သိမ်ဖြူ (၅)ခွဆုံမှ လည်းကောင်း လမ်းလွှဲအတိုင်းသွားရမည်ဖြစ်သည်)

၂။ ဖော်ပြပါ ကန်တော်ကြီးပတ်လမ်းတစ်လျှောက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ယာဉ်များ ရပ်နားခြင်းမပြုကြရန်နှင့် မော်တော်ယာဉ်များသည် သတ်မှတ်ထားသည့် လမ်းများမှ မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အထက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာမည်

**နေပြည်တော် ဧပြီ ၈**

**ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင်ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့်မင်းဘူးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မနက်ဖြန်ညနေအထိခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ဇဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကပြုလုပ်သော မြန်မာ့ရိုးရာအစဉ်အလာကောင်းများ ထိန်းသိမ်းရေးစကားဝိုင်းကို မတ် ၂၅ ရက်က ကျိုက္ကဆံရပ်ကွက် မူကြိုကျောင်း၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဆွေးနွေးပြောကြားစဉ်။** (မြန်မာ့အလင်း)

# ဟိုတယ်ဝန်ဆောင်မှုပညာရပ်ဆိုင်ရာ သင်တန်းများဆင်းပွဲကျင်းပ

**ရန်ကုန် ဧပြီ ၈**

Star Resources Hospitality Management Academy ဟိုတယ်သင်တန်းကျောင်းမှ ဟိုတယ်ဝန်ဆောင်မှု ပညာရပ်ဆိုင်ရာသင်တန်းများ၏ သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဖိုးစိန်လမ်း Chatrium Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူးဦးလှဌေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်သည်။ **(အောက်ပုံ)** ဆက်လက်၍ Star Resources Hospitality Management Academy သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နေရည်အောင်၊ ဒုတိယကျောင်းအုပ်ဆရာ ဦးအောင်မြစိုး၊ ဘာသာရပ်အလိုက် သင်တန်းနည်းပြများက သင်တန်းသား သင်တန်းသူ ၄၅၀ ခန့်အား သင်တန်းဆင်းလက်မှတ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၉-၄-၂၀၁၂ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| - | ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၇း၄၅ | သံသာချို့အေးမင်္ဂလာတေး |
| ၇း၅၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၅ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈း၁၅ | **စက်မှုဇုန်မှာ ကျွန်မစက်ရုံ လာတည်တော့မယ်** |
| ၈း၂၅ | ခါသကြၤန်အဆိုအကများ |
| ၈း၄၀ | International News |

**ညပိုင်း**

| | |
|---|---|
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ |
| - | ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၈း၀၀ | ပြည်တွင်းသတင်း<br>နိုင်ငံတကာသတင်းများ<br>မိုးလေဝသအခြေအနေ<br>ကမ္ဘာကျော်သရုပ်ဆောင်များ<br>အိန္ဒိယရုပ်ရှင်<br>**ဝိညာဉ်ကလဲ့စား** (အပိုင်း-၁) |

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော သန်းဥချောက်ရေလှောင်တမံ

## သန်းဥချောက်ရေလှောင်တမံ

- ❖ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် နတ်ရဲကျေးရွာအနီး စံတောင်ရိုးမှ စီးဆင်းလာသော သန်းဥချောက်ရိုးကို ပိတ်၍ တည်ဆောက်ထားသည်။
- ❖ မြေသားတမံအမျိုးအစားဖြစ်သည်။
- ❖ သန်းဥချောက်ရေလှောင်တမံမှာ ရေဆင်းဧရိယာ ၂ စတုရန်းမိုင်ရှိ၍ နှစ်စဉ်ပျမ်းမျှမိုးရေချိန် လက်မ ၅၀ ရှိသည်။
- ❖ ရေလှောင်တမံ၏ အလျားမှာ ပေ ၁၀၀၀၊ အမြင့် ၄၅ ပေ ရှိသည်။
- ❖ ကန်ရေပြည့် ရေလှောင်ပမာဏ ၄၆၂ ဒသမ ၁၁ ဧကပေရှိသည်။
- ❖ ကုန်းမြင့်လယ်ယာ ၂၅၆ ဧကကို အကျိုးပြုသည်။
- ❖ သန်းဥချောက်ရေလှောင်တမံကြောင့် ဒေသတွင်း သီးနှံထုတ်လုပ်မှုတိုးတက်ပြီး တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာသည်။

သတင်းမှတ်စု – မောင်ငြိမ်းအေး

ချင်းတောင်တန်း နောက်ခံအလှဖြင့် ဤသို့ ပန်းရလျက်ရှိသည်။



# အခွန်စနစ်ပြုပြင်လို့ ကောင်းချီးသြဘာပေးကြစို့

ဦးတင်အောင် (အငြိမ်းစားအခွန်ဝန်ထမ်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှုတစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်နေ့က မိန့်ခွန်းပြောကြားရာတွင် မိမိတို့နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့၏ တည်ငြိမ်မှန်ကန်သည့် အသွင်ကူးပြောင်းမှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ နားလည်မှုများ မြင့်မားလာနေပြီဖြစ်သည့်အတွက် ယုံကြည်မှုများ ဆင့်ပွားဖြစ်ပေါ်လာစေရန်အတွက် ဆက်လက်ကြိုးပမ်းရဦးမှာဖြစ်ကြောင်း စသည်ဖြင့် မိန့်ကြားသွားသည်ကို နောက်တစ်နေ့သတင်းစာများတွင် မှတ်ရှုရပါသည်။

ယင်းမိန့်ခွန်း၌ အခွန်အခတို့နှင့်ပတ်သက်၍ ထည့်သွင်းပြောကြားသွားရာတွင် ပို့ကုန်နှင့် ဆက်စပ်နေသော အခွန်အကောက်များကို လျှော့ချဖယ်ရှားပေးခဲ့ကြောင်း၊ ရေတိုကာလတွင် ရသင့်ရထိုက်သည့် အခွန်အခများ တိုးမြှင့်ရရှိလာစေရန်အတွက် ဆောင်ရွက်ရာတွင် မိဘပြည်သူများ၏ လူမှုစီးပွားရေးဘဝများကို မထိခိုက်စေရန် အဘက်ဘက်မှ ချိုင့်ချိန်သုံးသပ်ပြီး ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်၏ ယိုပေါက်၊ ဟာပေါက်များပိတ်နိုင်စေရန်အတွက်လည်း ကောင်းမွန်သောအုပ်ချုပ်မှုဖြင့် ထိန်းကျောင်းဆောင်ရွက်နေပြီးဖြစ်ကြောင်း၊ ရေရှည်ကာလတွင်မူ ညီမျှမှု (Equality)နှင့် မျှတမှု (Fairness)ဆိုသည့် အနေအထားနှစ်ရပ်အကြား၌ လိုက်လျောညီထွေဖြစ်စေမည့်အခွန်ဥပဒေတစ်ရပ်ကို ခေတ်စနစ်နဲ့သာမက မိဘပြည်သူများ၏ ပကတိအခြေအနေမှန်နှင့်အညီ တစ်ဦးချင်းဝင်ငွေနိမ့်ကျသည့် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အလို့ငှာ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်သမ္မတအပါအဝင် နိုင်ငံသားအားလုံး အခွန်ပေးဆောင်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်ကိုလည်း ဆက်လက်ဖတ်ရှုရပါသည်။

ဒီမိုကရေစီအစိုးရသစ်လက်ထက်၌ နိုင်ငံတော်သမ္မတကြီးမှသည် အကြီးအကဲပုဂ္ဂိုလ်များက ပြုပြင်ပြောင်းလဲဖြေလျှော့မှုများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ရှေ့တွင်ဆောင်ရွက်မည့်ကိစ္စရပ်များကို ပြောကြားတိုင်း အနောက်နိုင်ငံကြီးအချို့မှ တာဝန်ရှိပုဂ္ဂိုလ်များကလည်းကောင်း၊ ပြည်တွင်းပြည်ပမီဒီယာများကလည်းကောင်း"အလုပ်နှင့်အပြော ညီမညီစောင့်ကြည့်ရဦးမည့်"သဘောမှတ်ချက်ပြုကြသည်ကို မိမိဖတ်ရှုရ၊ ကြားသိရပေသည်။

မိမိကိုယ်တိုင်ကလည်း မိမိအတော်အသင့်နားလည်တီးခေါက်မိသည့် အခွန်အကောက်ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရှေ့တွင် မည်ကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးပါမည်နည်း၊ မည်သည့်အခါ ဆောင်ရွက်ပေးမည်ဖြစ်သလဲ၊ မည်မျှလောက်ကြာဦးမှာလဲ စသည်ဖြင့် သို့လော သို့လော ဖြစ်ခဲ့ရသည်ကို မငြင်းလိုပေ။

သို့သော် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ၂၀၁၂ ခုနှစ် မတ်လ ၁၅ ရက်နေ့က ထုတ်ပြန်သည့် ဝင်ငွေခွန်နည်းဥပဒေသစ်များ၊ ဝင်ငွေခွန်စည်းမျဉ်းသစ်များ၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းသစ်များအပြင် သက်ဆိုင်ပတ်သက်သည့်ဝင်ငွေခွန်ဆိုင်ရာအမိန့်ကြော်ငြာစာများ၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာများကို ဖတ်ရှုလိုက်ရသည့်အခါတွင်မူ နိုင်ငံတော်အကြီးအကဲပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုများမှာ "အလုပ်နှင့်အပြောညီပါပေသည်"ဟု သုံးသပ်ရပါကြောင်း ဖော်ပြလိုပါသည်။

မိမိမှာ ယခုတည်ရှိသည့် ပြည်တွင်းအခွန်များဦးစီးဌာနကြီးကို ၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းရာ၌ ပါဝင်ခဲ့သည့် ယခင်"အမြတ်ခွန်ဌာနခွဲ"တွင် အမြတ်ခွန်ဝန်ထောက်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ဆုံး၌ ပြည်တွင်းအခွန်များဦးစီးဌာနမှ သက်ပြည့်အငြိမ်းစားယူခဲ့သော အခွန်ဝန်ထမ်းလုပ်သက် ၃၆ နှစ်မျှ ရှိခဲ့သည့် ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ရာ အခွန်ဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်များကို မြင်တွေ့ခဲ့ရပေါင်းများလှပြီးဖြစ်သကဲ့သို့ ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လက်တွေ့ဆောင်ရွက်သူ၊ ကြီးကြပ်သူ၊ ညွှန်ကြားသူ စသည်ဖြင့် အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ကဏ္ဍအမျိုးမျိုး၌ ကျင်လည်ခဲ့ရပြီးဖြစ်သည်။ ထိုသို့ ကြုံခဲ့ရသည့် ပြုပြင်ပြောင်းလဲမှုအရပ်ရပ်နှင့် ယခုဒီမိုကရေစီအစိုးရသစ်က ဆိုခဲ့သည့် အမိန့်ကြော်ငြာစာအသီးသီးဖြင့် ဆောင်ရွက်လိုက်သည့် ပြုပြင်ပြောင်းလဲမှုများကို နှိုင်းယှဉ်မိရာတွင် ယခုဆောင်ရွက်ပြီးခဲ့သမျှသည်ပင် ယခင်ပြုပြင်ပြောင်းလဲမှုများနှင့် လားလားမျှမဆိုင်၊ ဤကဲ့သို့ နိုင်ငံတော်အကျိုးပြု၊ ပြည်သူပြည်သားများအကျိုးပြု အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို မည်သည့်အခါကမျှ ဤမျှလောက် ဆောင်ရွက်ပေးခဲ့ဖူးခြင်း မရှိခဲ့ကြောင်း တွေ့ရှိရသည်ဖြစ်ရာ အောက်မြန်မာနိုင်ငံ မြို့ကြီးတစ်မြို့မှ "ပြောဟန်" ဖြင့် ပြောရပါမူ "တယ်ဆော်လိုက်ပါလား"ဟု ကြွေးကြော်လိုက်ချင်ပါတော့သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဝင်ငွေခွန်နှင့်ပတ်သက်၍ "စည်းကြပ်ခြင်းမပြုရသော ဝင်ငွေသတ်မှတ်မှု"အသီးသီးကို အသစ်ပြဋ္ဌာန်းလိုက်သည်မှာ လစာခေါင်းစဉ်မှ ဝင်ငွေနှင့်စပ်လျဉ်း၍ လစာငွေ (တစ်နှစ်) ကျပ် ၁၄၄၀၀၀၀/-(ကျပ်တစ်ဆယ့်လေးသိန်းလေးသောင်းတိတိ)ထက်မပိုလျှင် ဝင်ငွေခွန်မစည်းကြပ်ရကြောင်းဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်က ယင်းကိစ္စအတွက် သတ်မှတ်ပေးခဲ့ရာတွင် လစာငွေ (တစ်နှစ်) ကျပ် ၃၀၀၀၀/-(ကျပ်သုံးသောင်းတိတိ)ထက်မပိုလျှင် အခွန်မစည်းကြပ်ရဟုဖြစ်ခဲ့ရာ ယခုအသစ်သတ်မှတ်ချက်မှာ မူလသတ်မှတ်ချက်၏ (၄၈)ဆဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤကား နိုင်ငံတော်က ပုဂ္ဂလိကလုပ်ငန်းများရှိ လခစားဝန်ထမ်းများအပေါ် ထိုက်ထိုက်တန်တန် အကျိုးပြုလိုက်ခြင်းပင် ဖြစ်ပါသည်။ အစိုးရလခစားဝန်ထမ်းဖြစ်မူ တစ်ဖက်မှ လစာများတိုးပေး၍ တစ်ဖက်မှ အခွန်ပြန်ကောက်ယူသည်ဟုလည်း ထင်မြင်ယူဆရန်အကြောင်း လုံးဝမရှိတော့ပေ။ ဤကဲ့သို့ တိုးမြှင့်သတ်မှတ်လိုက်ခြင်းမှာ ငွေကြေးဖောင်းပွမှုအပါအဝင် နိုင်ငံတော်၌ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးအခြေအနေ၊ ငွေကြေးအခြေအနေတို့နှင့်လည်း လိုက်လျောညီထွေရှိလှပေသည်။

ယခုအခါ၌ ပုဂ္ဂလိက အထည်ချုပ်စက်ရုံတို့မှ စက်ချုပ်သမားလေးများပင်လျှင် တစ်လလျှင် လစာငွေအနည်းဆုံး ကျပ် ၅၀၀၀၀ ထက်မနည်း ရရှိနေကြသည်ဖြစ်၍ မူလသတ်မှတ်ချက်အတိုင်း အခွန်မစည်းကြပ်ရသည့် ဝင်ငွေကျပ် ၃၀၀၀၀ ကိုပင် ဆက်လက်စွဲကိုင်ဆောင်ရွက်ပါက မည်သို့မျှ အဆင်ပြေအောင်မြင်နိုင်မည် မဟုတ်ပေ။ အခွန်ဝန်ထမ်းတို့က စက်ရုံအလုပ်ရုံ အလုပ်သမားတို့၏ ဝင်ငွေအပေါ် မျက်စိမှိတ်၍ စည်းကြပ်ခြင်းမပြုဘဲ နေခဲ့ကြရသည်ကပင် ၎င်းတို့အတွက် ကြီးစွာသော ဝန်ထုပ်ဝန်ပိုးဖြစ်နေခဲ့သည်ဟု မိမိစာနာမိပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဝင်ငွေခွန် မစည်းကြပ်ရသော ပမာဏအသီးသီးကို အသစ်သတ်မှတ်ရာ၌ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်၊ စီးပွားရေးလုပ်ငန်းခေါင်းစဉ်၊ ပစ္စည်းမှ ဝင်ငွေခေါင်းစဉ်တို့အတွက်လည်းကောင်း၊ သမဝါယမကဏ္ဍမှ သမဝါယမအသင်းအဆင့်ဆင့်၏ ဝင်ငွေနှင့်စပ်လျဉ်း၍ လည်းကောင်း ယခင်က ကျပ် ၃၀၀၀၀ ဟု သတ်မှတ်ခဲ့သည်ကို ယခု ကျပ် ၁၂၀၀၀၀ (ကျပ်တစ်ဆယ့်နှစ်သိန်းတိတိ)ဟု အဆ (၄၀) သို့ တိုးမြှင့်သတ်မှတ်လိုက်ခြင်းကို တွေ့ရှိရပါသည်။

မိမိတို့စည်းကြပ်မှုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရစဉ်က အခွန်ထမ်းတို့အပေါ် ရငွေ/ဝင်ငွေတို့ကို အတိအကျ လက်ကုန်ဖော်ထုတ်၍ ထိုစဉ်ကရှိခဲ့သည့် ဥပဒေသတ်မှတ်ချက်များအတိုင်း စည်းကြပ်ရသည်ရှိသော် မတန်တဆများလွန်းမည် ဖြစ်သဖြင့် ရငွေ/ဝင်ငွေတို့ကို များစွာလျှော့ချပြီး သတ်မှတ်စည်းကြပ်ခဲ့ရသည်ဖြစ်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ယင်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု ဟန်ချက်မညီ၊ ဆီလျော်မရှိ ဖြစ်ခဲ့ရပေသည်။ ယခုမူကား အသစ်ပြဋ္ဌာန်းလိုက်သည့် သတ်မှတ်ချက်များအရ အခွန်ဝန်ထမ်းတို့က အခွန်ပေးဆောင်ထိုက်သူတို့၏ ရငွေ/ဝင်ငွေ ပကတိအခြေအနေများအတိုင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် အခွန်စည်းကြပ်ခြင်းနှင့်ပတ်သက်၍လည်း ယခင်က နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းရောင်းရငွေစုစုပေါင်းသည် ကျပ်တစ်သိန်းထက်မပိုလျှင် အခွန်မစည်းကြပ်ရသော်လည်း ယခုအသစ်ပြဋ္ဌာန်းချက်အရမူ ကျပ်သိန်းငါးဆယ်ထက်မပိုလျှင် မြတ်စွန်းငွေပေါ်တွင် အခွန်မစည်းကြပ်ရသည့်အလျောက် အခြေပစ္စည်းရောင်းချသူများအတွက်လည်း များစွာသက်သောင့်သက်သာရှိသွားမည်ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အခြေပစ္စည်းရောင်းချသူတို့အတွက် အချိုပေါ်သကာလောင်း ပြဋ္ဌာန်းပေးထားသည့် အစီအစဉ်တစ်ခုမှာ ဝင်ငွေခွန်နည်းဥပဒေသစ်များကို ထုတ်ပြန်သတ်မှတ်ထားရာ၌ရောင်းချသည့် အခြေပစ္စည်းမှာ ၁၉၉၇ ခုနှစ် ဧပြီလ ၁ ရက်နေ့ မတိုင်မီက အခွန်ထမ်းပိုင်ဖြစ်ခဲ့လျှင် ယခုရောင်းချသည့်အခါ၌ နုတ်ပယ်ရမည့် မူလတန်ဖိုးမှာ ယင်းနေ့တွင် ဖြစ်ပေါ်ခဲ့သည့် ကာလတန်ဖိုးဟု အစားထိုးမှတ်ယူရမည့်ကိစ္စ ဖြစ်ပါသည်။ ရုပ်သိမ်းလိုက်သည့် နည်းဥပဒေများတွင်မူ ယခင်က ၁၉၇၆ ခုနှစ် ဧပြီလ ၁ ရက်နေ့ မတိုင်မီ အခွန်ထမ်းပိုင်ဖြစ်ခဲ့လျှင် မူလတန်ဖိုးကို ယင်းနေ့တွင် ဖြစ်ပေါ်ခဲ့သည့် ကာလတန်ဖိုးအဖြစ် အစားထိုးခဲ့ရပါသည်။ ယခုနှစ်ပေါင်း ၂၀ ကျော် ရှေ့တိုး၍ ရက်သတ်မှတ်ပေးလိုက်သဖြင့် တစ်နေ့ထက်တစ်နေ့ တရိပ်ရိပ်တိုးမြှင့်လာသည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းတို့၏ ဈေးနှုန်းများကြောင့် အခြေပစ္စည်းရောင်းချသူတို့တွင် နစ်နာမှုမရှိစေရန် ကာကွယ်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

လစာခေါင်းစဉ်မှ ဝင်ငွေရရှိသူများ၊ စီးပွား၊ ပစ္စည်းစသည့် ခေါင်းစဉ်တို့မှ ဝင်ငွေရရှိသူများ သမဝါယမအသင်းများနှင့်စပ်လျဉ်း၍ အထက်တွင်ဖော်ပြသည့်အတိုင်း အခွန်မစည်းကြပ်ရသည့် ဝင်ငွေတို့ကို အဆပေါင်းများစွာ တိုးမြှင့်သတ်မှတ်ပေးထားသည့်အပြင် သက်ဆိုင်ရာသတ်မှတ်ပမာဏအသီးသီးကို ကျော်လွန်၍ ဝင်ငွေရရှိသူများအား ဝင်ငွေခွန်တွက်ချက် ကျသင့်စေရာ၌လည်း ယခင်က သတ်မှတ်ခဲ့သည့် အလွှာအလိုက် နှုန်းများထက် လျော့ပေါ့ပေးထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ လစာဝင်ငွေနှင့်ပတ်သက်၍ ယခင်က အလွှာအလိုက် ၃ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း၊ ယခု ၁ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း စီးပွားလုပ်ငန်းစသည်တို့နှင့်ပတ်သက်၍ ယခင်က ၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း၊ ယခု ၂ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း၊ သမဝါယမအသင်းများနှင့် စပ်လျဉ်း၍လည်း ယခင်က ၃ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း၊ ယခု ၂ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းစသည်ဖြင့် ဖြေလျှော့မှုများ ပြုလုပ်ထားပေသည်။

ဝင်ငွေခွန်ဥပဒေအရ စည်းကြပ်မှုများပြုလုပ်ရာတွင် အခြေခံသက်သာခွင့်၊ အိမ်ထောင်ဖက် သက်သာခွင့်၊ သားသမီးများအတွက် သက်သာခွင့်စသည်များကို ခွင့်ပြုစေရာတွင်လည်း အသစ်သတ်မှတ်မှုများအရ ဖြေလျှော့မှုများ များစွာ ခွင့်ပြုထားသည်ကို တွေ့ရှိရပါသည်။ အခြေခံသက်သာခွင့်နှုန်းထားမှာ ယခင်နှင့်ယခု ၂၀ ရာခိုင်နှုန်း အတူတူပင်ဖြစ်သော်လည်း အများဆုံးခံစားခွင့်ကို ယခင်က ကျပ် ၁၂၀၀၀ မျှသာ ခွင့်ပြုခဲ့၍ ယခု ကျပ်သိန်း ၁၀၀ အထိ ခွင့်ပြုထားကြောင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်များနှင့်ပတ်သက်၍ အိမ်ထောင်ဖက်အတွက် ယခင်က ကျပ် ၅၀၀၀ သာ ခွင့်ပြုသော်လည်း ယခု ကျပ်သုံးသိန်း ခွင့်ပြုကြောင်း၊ သားသမီးများအတွက် ယခင်က ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ အတွင်း တစ်ဦးစီအတွက် ခွင့်ပြုခဲ့သော်လည်း ယခု တစ်ဦး ငွေကျပ်နှစ်သိန်းဟု အသက်အပိုင်းအခြား သတ်မှတ်မှုမပြုဘဲ ခွင့်ပြုထားကြောင်းတို့ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

အသစ်ပြဋ္ဌာန်းလိုက်သော အခွန်နှုန်းထားများအရ မြန်မာနိုင်ငံ၌ တည်ထောင်သောကုမ္ပဏီများအပေါ် ယခင်က စုစုပေါင်းဝင်ငွေ၏ ၃၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်း၏ စုစုပေါင်းဝင်ငွေခွန်အပေါ် ၃၀ ရာခိုင်နှုန်း၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအပေါ်လည်း စုစုပေါင်းဝင်ငွေ၏ ၃၀ ရာခိုင်နှုန်း ဝင်ငွေခွန်ကျသင့်စေခဲ့ရာမှ ယခု ၂၅ ရာခိုင်နှုန်းစီသာ ကျသင့်စေကြောင်း တွေ့ရှိရသဖြင့် လုပ်ငန်းရှင်တို့တွင် အခွန်တာဝန်လျော့လေလေ အထွေထွေကုန်ဈေးနှုန်းများ ကျဆင်းလေလေဖြစ်မည်ကိုလည်း မြင်ယောင်မိကြောင်း ဖော်ပြပါသည်။

ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဝင်ငွေခွန်ဆိုင်ရာအသစ်သတ်မှတ်ချက်များကို ၁၅-၃-၂၀၁၂ နေ့က ထုတ်ပြန်ရာ၌ ၁-၄-၂၀၁၂ ရက်မှစ၍ အကျိုးသက်ရောက်စေရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ အလားတူပင် ကုန်သွယ်လုပ်ငန်းခွန်နှင့် ပတ်သက်သည့် အသစ်သတ်မှတ်ချက်များကို ၁၅-၃-၂၀၁၂ နေ့ကပင် ထုတ်ပြန်ရာ၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ အကျိုးသက်ရောက်စေရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

မိမိတို့အနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ဖြေလျှော့မှုများကိုလည်း ဆက်လက်လေ့လာသည်ရှိသော်-

၁၉၇၆ ခုနှစ်မတိုင်မီက " ကုန်သွယ်ခွန်လေးရပ်" ဟူ၍ သွယ်ဝိုက်ခွန်လေးမျိုးကို စည်းကြပ်ကောက်ခံခဲ့သော်လည်း နောင်၌ ယင်းအခွန်များကို ၁၉၇၆ ခုနှစ်၊ ကုန်စည်နှင့်ဝန်ဆောင်မှုခွန် ဥပဒေ၊ ၁၉၇၆ ခုနှစ်၊ အမြတ်ခွန်ဥပဒေတို့တွင် ထည့်သွင်းပြဋ္ဌာန်း၍ စုပေါင်းစည်းရုံး ကောက်ခံခဲ့ပါသည်။ ထိုသွယ်ဝိုက်ခွန်သက်သက်များမှာ ၁၉၇၆ ခုနှစ်မှစ၍ အဆက်ပြတ်နေခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်သို့ရောက်ခါမှ " ၁၉၉၀ ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ" ကိုပြဋ္ဌာန်းလျက် ပြည်ပမှ ကုန်စည်တင်သွင်းမှုများ၊ ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချမှုများ၊ ပြည်တွင်း၌ ဝန်ဆောင်မှုများအပေါ်တွင် ဥပဒေသစ်အားဖြင့် ကောက်ခံခဲ့ပါသည်။

ယင်းသို့ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ကောက်ခံရာ၌ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပေါ်တွင်သာ ရောင်းရငွေ/ရငွေအားလုံးအပေါ်တွင် အခွန်စည်းကြပ်သည်ဖြစ်၍ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အကျုံးဝင်သူများအတွက်မူ ကနဦးပမာဏအသီးသီးကို threshold အဖြစ်ထားရှိ၍ အခွန်ကင်းလွတ်ခွင့်ပေးထားပြီး ယင်းပမာဏအသီးသီးထက်ကျော်လွန်မှ အခွန်ကျသင့်စေခြင်း ဖြစ်ပါသည်။

ယခင်က " ဆား"မှအပ နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်ထုတ်လုပ်ရောင်းရငွေများမှ ကနဦးကျပ် ၂၄၀၀၀၀၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများမှ ကနဦး ကျပ် ၃၀၀၀၀၀၊ ရေကြောင်းနှင့်ကုန်းလမ်း ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများမှ ကနဦး ကျပ် ၁၈၀၀၀၀ အသီးသီးကို ကုန်သွယ်လုပ်ငန်းခွန် မစည်းကြပ် ကင်းလွတ်ခွင့်ပြုထားပါသည်။

ယခုနိုင်ငံတော်က ဆောင်ရွက်လိုက်သည့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲဖြေလျှော့မှုများအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အကျုံးဝင်သူများက ကုန်ထုတ်လုပ်ရောင်းချမှုတို့နှင့် စပ်လျဉ်း၍ ကနဦး ကျပ် သိန်း ၁၀၀ အထိကိုလည်းကောင်း၊ ဝန်ဆောင်မှု၌လည်း အလားတူပင် ကနဦး ကျပ်သိန်း ၁၀၀အထိကိုလည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်မစည်းကြပ်စသည်ဖြင့် ကင်းလွတ်ခွင့်ရရှိခဲ့ရာမှ ယခင်က ကျပ် ၂၄၀၀၀၀၊ ကျပ် ၃၀၀၀၀၀၊ ကျပ် ၁၈၀၀၀၀ စသည်ဖြင့် ကင်းလွတ်ခွင့်ရရှိခဲ့ရာမှ ယခုငွေကျပ် သိန်း ၁၀၀အထိ ကင်းလွတ်ခွင့်ရရှိလာပြီဖြစ်ရာ ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ဝန်ဆောင်မှု ဆောင်ရွက်သူလုပ်ငန်းငယ်များအတွက်မှတစ်ဆင့် အမှန်တကယ် အခွန်ပေးဆောင်ရသည့် စားသုံးသူများအတွက် များစွာ သက်သောင့်သက်သာဖြစ်စေကြောင်း တွေ့ရှိရပါသည်။

ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ယခင်က လေကြောင်းခရီးသည် ပို့ဆောင်ရေး၊ ရထားခရီးသည်ပို့ဆောင်ရေးဟူသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကုန်သွယ်လုပ်ငန်းခွန်မစည်းကြပ်သည့် ဝန်ဆောင်မှုရငွေသတ်မှတ်ချက်များ threshold မရှိသော်လည်း ယခုမူ ကနဦး ဝန်ဆောင်မှုရငွေ ကျပ် ၁၀၀တိတိမှာ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ရရှိလာပြီဖြစ်ကြောင်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် အခြားဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့်လည်း အလားတူပင် ကျပ်သိန်း ၁၀၀ တိတိ ကင်းလွတ်ခွင့်ရရှိလာကြပြီဖြစ်သဖြင့် ပြည်သူများအပေါ်တွင် အခွန်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများစွာ လျော့နည်းသွားမည်ဖြစ်ပါသည်။

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပါ မူလပြဋ္ဌာန်းချက်များအရ ယင်းဥပဒေ၏ ဇယားအသီးသီးမှာ အခွန်ကင်းလွတ်ခွင့်ရရှိသည့် ဇယား ၁၊ ၅ ရာခိုင်နှုန်း အခွန်ကျသင့်သည့် ဇယား ၂၊ ၁၀ ရာခိုင်နှုန်း အခွန်ကျသင့်သည့် ဇယား ၃၊ ၂၀ ရာခိုင်နှုန်း အခွန်ကျသင့်သည့် ဇယား ၄၊ ၂၅ ရာခိုင်နှုန်း အခွန်ကျသင့်သည့် ဇယား ၅၊ ကုန်စည်အမျိုးအစားအလိုက် ၃၀ ရာခိုင်နှုန်းမှ ၂၀၀ ရာခိုင်နှုန်းအတွင်း အခွန်ကျသင့်မည့် ဇယား ၆ တို့ ဖြစ်ပါသည်။

မူလပြဋ္ဌာန်းချက်များအရ ယင်းဇယားတို့ပါ ကုန်စည်တို့နှင့်စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းလျှင် ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်အတွင်း ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ရောင်းရငွေပေါ်တွင်လည်းကောင်း အခွန်ကျသင့်စေမည့် ဇယားအဖြစ် ပြောင်းလဲခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်က ၁၅-၃-၂၀၁၂ နေ့တွင် အမိန့်ကြော်ငြာစာအသီးသီးဖြင့် ပြုပြင်ပြောင်းလဲဖြေလျှော့မှုများ ပြုလုပ်ပေးမှုအရ ဇယား ၁ မှာ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ကုန်စည်များနှင့်ပတ်သက်၍သာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မှု မရှိခြင်းဖြစ်၍ ယင်းဇယား ၁ ပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်ပမှ တင်သွင်းလျှင်မူကား ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေမည့် ဇယားအဖြစ် ပြောင်းလဲခဲ့ပြီ ဖြစ်ပါသည်။

ထို့အပြင် ဇယား ၂၊ ဇယား ၃၊ ဇယား ၄နှင့် ဇယား ၅ တို့မှာ ၂၊ ၃၊ ၄၊ ၅ တူသည့် အမှတ်အသီးသီးဖြင့် ဆက်လက်တည်ရှိသည့် ဇယားများဖြစ်သော်လည်း ပြုပြင်ပြောင်းလဲမှုအရ ယင်းဇယားအသီးသီးပါ ကုန်စည်များကို ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရန် ပြင်ဆင်သတ်မှတ်လိုက်ပြီဖြစ်သဖြင့် ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းဟူ၍ မဟုတ်တော့ဘဲ အားလုံး ၅ ရာခိုင်နှုန်း ဇယားချည်းဖြစ်ခဲ့ပြီး ဖြစ်ပါသည်။

ဇယား ၆ ပါ ကုန်စည်များနှင့်ပတ်သက်၍သာ ကုန်စည်အမျိုးအစားအလိုက် ဖော်ပြသည့် အခွန်နှုန်းထားအသီးသီးဖြင့် အခွန်ကျသင့်စေရမည်ဖြစ်ပါသည်။ ဇယား ၆ ပါ ကုန်စည်များကို ယခုပြင်ဆင်သတ်မှတ်ထားသည်ဖြစ်ရာ ကုန်စည်အမျိုးအမည်ပေါင်း ၁၈ မျိုးဖြစ်၍ ကုန်စည်အမျိုးအစားအလိုက် နှုန်းထားများမှာမူ အနည်းဆုံး ၈ ရာခိုင်နှုန်းမှ အများဆုံး ၁၀၀ ရာခိုင်နှုန်းအထိ ဖြစ်ပါသည်။ ၁၀၀ ရာခိုင်နှုန်း ကျသင့်သော ကုန်စည်အမျိုးအစားမှာ တစ်မျိုးတည်းသာဖြစ်၍ ယင်းမှာ "စီးကရက်" ဖြစ်ပါသည်။ အရက်အမျိုးမျိုးမှာ ၅၀ ရာခိုင်နှုန်းဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲမှုအစီအစဉ်အရ ဝန်ဆောင်မှုဇယားဖြစ်သော ဇယား ၇ ပါ ဝန်ဆောင်မှုအမျိုးအစားများကိုလည်း ထပ်တိုးထားသည်ဖြစ်ရာ ယင်းဇယား၌ ယခုအခါ ဝန်ဆောင်မှုအမျိုးအစားပေါင်း ၁၄ မျိုးရှိပြီ ဖြစ်ပါသည်။ ယင်းဝန်ဆောင်မှုအသီးသီးအတွက် အခွန်နှုန်းမှာလည်း ၅ ရာခိုင်နှုန်းသာ ဖြစ်ပါသည်။ ယခင်က ရုပ်ရှင် သို့မဟုတ် ဗီဒီယိုပြသခြင်းအတွက် ၃၀ ရာခိုင်နှုန်း၊ အခြားဖျော်ဖြေမှုများအတွက် ၁၅ ရာခိုင်နှုန်း ကျသင့်စေခဲ့ရာမှ ယခုအခါ ၅ ရာခိုင်နှုန်းသာ ကျသင့်တော့မည်ဖြစ်သဖြင့် ပြည်သူတို့အနေဖြင့် ရုပ်ရှင်၊ ဇာတ်ပွဲ စသည်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ကြည့်ရှုအပန်းဖြေခွင့်ရရှိကြတော့မည်ဖြစ်ပါသည်။ ယခင်က ဟိုတယ်၊ တည်းခိုခန်းတို့မှရရှိသည့် ဝန်ဆောင်မှုရငွေအပေါ် ၁၀ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်နေခဲ့ကြရာမှ ယခုအခါ ၅ ရာခိုင်နှုန်းသာ ပေးဆောင်ကျသင့်တော့မည်ဖြစ်သည်မှာလည်း ဝမ်းမြောက်ဖွယ်ပင်ဖြစ်ပါသည်။

ယခုနိုင်ငံတော်က ပြုပြင်ပြောင်းလဲ ဖြေလျှော့ပေးလိုက်သည့် ပြဋ္ဌာန်းချက်အသစ်များအရ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်လုံးနှင့် ကျွန်းသစ်ခွဲသားများ၊ သစ်မာသစ်လုံးနှင့် သစ်မာခွဲသားများ၊ ကျောက်စိမ်းနှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ဤ(၅)မျိုးမှအပ အခြားမည်သည့်ကုန်စည်ကိုမဆို ပြည်ပသို့ တင်ပို့ရောင်းချပါက ကုန်သွယ်လုပ်ငန်းခွန် အလျှင်းကျသင့်မည်မဟုတ်ပေ။ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။ ဖော်ပြပါကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချလျှင်မူ ဆိုင်ရာကုန်စည်အတွက် ဇယား ၆ တွင် သတ်မှတ်ထားသည့် အခွန်နှုန်းအတိုင်း နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါကုန်စည် (၅)မျိုးမှလွဲ၍ အခြားမည်သည့်ကုန်စည်ကိုမဆို ပြည်ပသို့တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးထားပြီးဖြစ်ပါသည်။

ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့် ရောင်းချလျှင်မူ ဇယား ၁ မှ ဇယား ၆ အထိပါ ကုန်စည်များအားလုံးအပေါ်တွင် ဇယားပါနှုန်းအသီးသီးအတိုင်း ဆိုင်ရာ နှုန်းဖြင့်ပင် နိုင်ငံခြားငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်၍ ကျသင့်ငွေကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။ ဤနေရာ၌ ဇယား ၁ ပါ ကုန်စည်များအတွက် "ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း"အတွက် ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရန် ပြဋ္ဌာန်းထားပြီးဖြစ်ရာ နိုင်ငံခြားငွေဖြင့် ပြည်တွင်း၌ ရောင်းချခြင်းအပေါ်တွင်လည်း အခွန်မကျသင့်ပါကြောင်း ဖော်ပြပါသည်။

ဝန်ဆောင်မှုတို့အတွက် နိုင်ငံခြားငွေဖြင့် ရရှိလျှင်လည်း ဇယားအရပါနှုန်းအတိုင်း နိုင်ငံခြားငွေဖြင့် အခွန်ကျသင့်စေ၍ အထက်ဖော်ပြပါနည်းလမ်းအတိုင်း ကျပ်ငွေဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိဂုံးချုပ်အားဖြင့် ဘဝတူ ပြည်သူများနှင့် လုပ်ငန်းရှင်များအား မိမိကရိုးသားစွာ အကြံပြုပြန်ကြားလိုသည်မှာ နိုင်ငံတော်ဘက်ကတော့ ထိုက်ထိုက်တန်တန်ထက်မက ဖြေလျှော့ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ မိမိတို့ဘက်ကသာ အခွန်ယိုပေါက် ဟာပေါက်များ ပိတ်နိုင်ရေးအတွက် "အခွန်ထမ်း"နှင့် "အခွန်ဝန်ထမ်း" တို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု ဖော်ညွှိလိုက်ရပါကြောင်း။ ။

## နိုင်ငံတကာရုပ်ရှင်

မောင်မောင်မြင့်ဆွေ-စုစည်းသည်

# ကိုရီးယားရုပ်ရှင်မင်းသား ကင်ဟွမ်ဂျုန်း စင်ကာပူ၌ ပရိသတ်များနှင့်တွေ့ဆုံပွဲပြုလုပ်

ဆိုးလ် ဧပြီ ၈

တောင်ကိုရီးယားအဆိုတော်နှင့် ရုပ်ရှင်မင်းသားကင်ဟွမ်ဂျုန်းသည် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေပြီး စင်ကာပူရှိ သူ၏ပရိသတ်များနှင့် တွေ့ဆုံပွဲပြုလုပ်လျက်ရှိကြောင်း ဧပြီ ၈ ရက်က သည်စထရိတ်တိုင်းမ်သတင်းစာ၌ ဖော်ပြသည်။

**ခေါ်ယူထား**

ရုပ်ရှင်မင်းသားကင်ဟွမ်ဂျုန်း (အပေါ်ပုံ) သည် အာရှနိုင်ငံအချို့ကို ခရီးထွက်လျက်ရှိရာ စင်ကာပူ၊ ဂျပန်နှင့် တရုတ်နိုင်ငံများသို့ သွားရောက်မည့်ခရီးစဉ်အနက် စင်ကာပူနိုင်ငံသို့ ပထမဆုံးရောက်ရှိလာခြင်းဖြစ်သည်။ စင်ကာပူပရိသတ်များကလည်း စင်ကာပူနိုင်ငံသို့ ပထမဆုံးဦးစားပေးလာရောက်ရန် ခေါ်ယူထားခြင်းဖြစ်သည်။

**စီစဉ်**

တောင်ကိုရီးယားနိုင်ငံ၌ ရုပ်ရှင်မင်းသားကင်ဟွမ်ဂျုန်း၏ တေးသီချင်းအယ်လ်ဘမ်အသစ်ဖြစ်သည့် Break Down and Lucky အမည်ရှိ တေးအယ်လ်ဘမ်အသစ် ဖြန့်ချိနေသည်။ ယင်းတေးအယ်လ်ဘမ်မှ သီချင်းများဖြင့် ဂီတဖျော်ဖြေပွဲတစ်ရပ်ပြုလုပ်ရန်လည်း စီစဉ်လျက်ရှိသည်။

Boys Over Flowers ရုပ်မြင်သံကြား ဒရာမာဇာတ်လမ်းတွဲဖြင့် နာမည်ကြီးခဲ့သော ကင်ဟွမ်ဂျုန်းသည် ဆိုးလ်မြို့၌ကျင်းပမည့် ၎င်း၏တေးဂီတဖျော်ဖြေပွဲအတွက် လက်မှတ်များကို လာမည့်သီတင်းနှစ်ပတ်အတွင်း ရောင်းချမည်ဖြစ်သည်။

(အင်တာနက်)

# စင်ကာပူမော်ဒယ်လ်နှင့် ရုပ်ရှင်သရုပ်ဆောင် လင်းယန်ဝုဖ်၏ ရုပ်မြင်သံကြားဇာတ်လမ်းတွဲသစ်ပြသ

စင်ကာပူ ဧပြီ ၈

စင်ကာပူမော်ဒယ်လ်နဲ့ ရုပ်ရှင်မင်းသမီးဖြစ်လာတဲ့ လင်းယန်ဝုဖ်ဟာ ပထမဆုံး ရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြစ်တဲ့ Supermodel me Season-3 ကို တရုတ်နဲ့ စင်ကာပူနိုင်ငံတွေမှာ စတင်ထုတ်လွှင့်ပြသနေပြီဖြစ်ပါတယ်။

**ချောမောလှပ**

အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသမီး လင်းယန်ဝုဖ် **(ယာပုံ)**ဟာ ဟောင်ကောင်မှာ မွေးဖွားပြီး စင်ကာပူမှာ ကြီးပြင်းခဲ့ပေမယ့် ဂျာမနီ-မြန်မာနွယ်ဖွား တစ်ဦးဖြစ်ပါတယ်။ ဖခင်ဖြစ်သူ ဂျာမနီနိုင်ငံသားနဲ့ မိခင်ဖြစ်သူ မြန်မာအမျိုးသမီးတို့က မွေးဖွားခဲ့သူဖြစ်လို့ ရုပ်ရည်ချောမောလှပသူလည်းဖြစ်ပါတယ်။ အခုထုတ်လွှင့်ပြသနေတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို စင်ကာပူနိုင်ငံမှာ ရုပ်ရှင်အဖြစ်ပြန်လည်ရိုက်ကူးမှာဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီးလင်းယန်ဝုဖ်ဟာ နန်ယန်တက္ကသိုလ်ကျောင်းထွက်ဖြစ်ပြီး အခုအခါမှာတော့ ဒီဂျစ်တယ်ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုကို အသေးစိတ်လေ့လာနေတယ်လို့ ဆိုပါတယ်။

**ထုတ်ဖော်ပြောကြား**

သူမက ရုပ်ရှင်အနုပညာနဲ့ မော်ဒယ်လ်အလုပ်တွေကို ဆက်လက်လုပ်ကိုင်မှာဖြစ်သလို ရုပ်ရှင်ထုတ်လုပ်သူအဖြစ်လည်း လုပ်ကိုင်လိုတဲ့ ဆန္ဒရှိတယ်လို့ ထုတ်ဖော်ပြောကြားနေပါတယ်။ **(အင်တာနက်)**

# တတိယမြောက် ဂျိမ်းစ်ဘွန်းမင်းသမီးအသစ် ဒင်နီရယ်ကာရင်းကို ရိုက်ကူးရန်စီစဉ်

**လော့စ်အိန်ဂျလိစ် ဧပြီ ၈**

Skyfall အမည်ရှိဇာတ်ကားသစ်အတွက် ဂျိန်းစ်ဘွန်း မင်းသမီးသစ်တစ်ဦး ထပ်မံလိုအပ်လျက်ရှိရာ ဒင်နီရယ်ကာရင်းနှင့် ရိုက်ကူးမည်ဖြစ်ကြောင်း ဒါရိုက်တာဆမ်မင်းဒက်စ်က ဧပြီ ၇ ရက်တွင် ပြောကြားသည်။ **(ဝဲအစွန်ပုံ)**

လောလောဆယ်တွင် Skyfall ဇာတ်ကားအတွက် ဂျိမ်းစ်ဘွန်းမင်းသမီး နှစ်ဦးရှိနေပြီဖြစ်သည်။ ၎င်းတို့မှာ ဘီရီနစ်မာလိုဟီနှင့် နာရိုမီဟာရစ်တို့ရှိနေသော်လည်း ဇာတ်လမ်းနှင့်အံဝင်ခွင်ကျဖြစ်စေရန် ဂျိမ်းစ်ဘွန်းမင်းသမီးတစ်ဦးထပ်မံလိုအပ်နေခြင်းဖြစ်သည်။

M-16 ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သော ဂရိရုပ်ရှင်မင်းသမီး တိုနီရာဆိုတီရိုပေါလူကို အသုံးပြုရန်စီစဉ်သော်လည်း ပိုမိုလိုက်ဖက်သည့် ရုပ်ရှင်မင်းသမီး ဒင်နီရယ်ကာရင်းကို တတိယမြောက်ဂျိမ်းစ်ဘွန်းမင်းသမီးအဖြစ် ထည့်သွင်းရိုက်ကူးရန် စီစဉ်ခြင်းဖြစ်သည်။ ရုပ်ရှင်မင်းသမီး ဒင်နီရယ်ကာရင်းသည် ယခင်ဂျိမ်းစ်ဘွန်းမင်းသမီးများဖြစ်သော မာလိုဟီ၊ ဟာရစ်တို့နှင့်အတူ လိုက်ဖက်စွာတွဲဖက်သရုပ်ဆောင်နိုင်မည်ဖြစ်သည်ဟု ဒါရိုက်တာဆမ်မင်းဒက်စ်ကပြောကြားသည်။ **(အင်တာနက်)**

## နိုင်ငံတကာဂီတ

ကောင်းမြတ်သူ-စုစည်းသည်

# မိသားစုဓာတ်ပုံများကို ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖြန့်ဝေပေးခဲ့တဲ့ အဆိုတော်ဘီယွန်ဆေး

**လော့စ်အိန်ဂျလိစ် ဧပြီ ၈**

R&B စူပါစတားအဆိုတော် ဘီယွန်ဆေးဟာ ပရိသတ်တွေကို သူမရဲ့ မိသားစုအတွင်းရေးဓာတ်ပုံတွေကို အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် ဧပြီ ၅ရက်က ဖြန့်ဝေပေးခဲ့တယ်လို့ဆိုပါတယ်။ ဒီဓာတ်ပုံတွေထဲမှာ ဘီယွန်ဆေးရဲ့ နေ့စဉ်လူမှုဘဝ ကျင်လည်သွားလာလှုပ်ရှားရာတွင် လျှပ်တစ်ပြက်ရိုက်ကူးထားတဲ့ဓာတ်ပုံတွေလည်း ပါဝင်တယ်လို့ဆိုပါတယ်။ **(ယာပုံ)**

"ဒီဓာတ်ပုံတွေဟာ ကျွန်မရဲ့ဘဝ၊ ကျွန်မရဲ့နေ့၊ ကျွန်မရဲ့မိသားစုပုံတွေ၊ ပြီးတော့ ကျွန်မခရီးသွားတဲ့အခါ အမှတ်တရရိုက်ခဲ့တဲ့ပုံတွေ၊ ဒီဓာတ်ပုံတွေကို ပရိသတ်တွေအနေနဲ့ သဘောကျတယ်ဆိုရင် အင်တာနက်ဝက်ဘက်ဆိုက်တွေမှာ ထုတ်ယူနိုင်ပါတယ်"လို့ သူမက ဝက်ဘ်ဆိုက်စာမျက်နှာပေါ်တွင် ရေးသားထားပါတယ်။ Beyonce.com မှာ သူမရဲ့ကိုယ်ရေးကိုယ်တာဓာတ်ပုံတွေတွေ့နိုင်ပါတယ်။ ဒီဓာတ်ပုံတွေထဲမှာ ဘီယွန်ဆေးအားလပ်ရက်မှာ ခရီးထွက်ခဲ့တဲ့ပုံတွေ၊ ခင်ပွန်းဖြစ်သူအဆိုတော် Jay-Z နဲ့အတူ ခရီးအတူသွားရိုက်ကူးခဲ့တဲ့ပုံတွေ၊ ကိုယ်ဝန်ဆောင်စဉ်ကာလရိုက်ကူးထားတဲ့ပုံတွေလည်း ပါဝင်တယ်လို့ဆိုပါတယ်။ ဘီယွန်ဆေးဟာ Facebook စာမျက်နှာမှာ သူမရဲ့ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုသူ ပရိသတ် ၃၄သန်းရှိတယ်လို့ သိရပါတယ်။ ဘီယွန်ဆေးနဲ့ အဆိုတော် Jay-Z တို့ဟာ ၂၀၀၈ ခုနှစ် ဧပြီလက လက်ထပ်ခဲ့ကြပါတယ်။ အသက် ၃၀အရွယ် ဘီယွန်ဆေးနဲ့အဆိုတော် Jay-Z တို့ဟာ အမေရိကန်ဒေါ်လာ ၇၂ သန်း ချမ်းသာကြွယ်ဝမှုရှိတယ်လို့ ၂၀၁၁ ခုနှစ်က ဖောဘက်မဂ္ဂဇင်းမှာ ဖော်ပြထားပါတယ်။ **(အင်တာနက်)**

# ကမ္ဘာကျော်မော်ဒယ်ဟိုက်ဒီကလွန်း အဆိုတော်ဆီးရဲလ်နှင့်ကွာရှင်းပြီ

*လော့စ်အိန်ဂျလိစ် ဧပြီ ၈*

*ကမ္ဘာကျော်မော်ဒယ်ဟိုက်ဒီကလွန်းနဲ့ သူမရဲ့ခင်ပွန်းဖြစ်တဲ့ နာမည်ကြီးအဆိုတော် ဆီးရဲလ်တို့ဟာ တရားဝင်ကွာရှင်းပြတ်စဲလိုက်ပြီလို့ သူတို့ရဲ့အမှု လိုက်ပါဆောင်ရွက်ပေးကြတဲ့ ရှေ့နေတွေက ပြောပါတယ်။ စူပါမော်ဒယ်လည်းဖြစ်၊ ရုပ်သံမင်းသမီးလည်းဖြစ်တဲ့ ဟိုက်ဒီကလွန်းနဲ့ ဆီးရဲလ်တို့ဟာ လွန်ခဲ့တဲ့ဧပြီ ၆ ရက်က လော့စ်အိန်ဂျလိစ်မြို့တရားရုံးတစ်ရုံးမှာ တရားဝင်ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးလိုက်ကြတယ်လို့ ဆိုပါတယ်။* ***(ဝဲပုံ)***

*ကလွန်းနဲ့ ဆီးရဲလ်တို့ဟာ ၂၀၀၅ ခုနှစ်က လက်ထပ်ခဲ့ကြသူတွေပါ။ သူတို့မှာ သားသမီးလေးယောက်ထွန်းကားပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ဇန်နဝါရီလတုန်းက တစ်ဦးနဲ့တစ်ဦး ကတောက်ကဆတ်ဖြစ်ကြရာမှ ကွာရှင်းပြတ်စဲဖို့ အပြန်အလှန်ပြောဆိုခဲ့ကြပါတယ်။ "ကျွန်မတို့ဟာ အိမ်ထောင်သက်တစ်လျှောက်လုံးတစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားကြပါတယ်။ အလွန်ချစ်ကြသူတွေလည်းဖြစ်ပါတယ်။ ဒါပေမယ့် လမ်းခွဲဖို့အကြောင်းက ရှိလာတော့ လမ်းခွဲခဲ့ရတာဖြစ်ပါတယ်" လို့ နှစ်ဦးစလုံးက ပြောပါတယ်။ "ကျွန်တော်ဟာ ကျွန်တော့်ဇနီးနဲ့ပတ်သက်လို့ ဘာမှမကြားချင်တော့ပါဘူး၊ ဘာမှလည်း မမေးကြပါနဲ့"လို့ အဆိုတော်ဆီးရဲလ်က အမေရိကန်ရုပ်သံတွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ စူပါမော်ဒယ်ဟိုက်ဒီကလွန်းနဲ့ အဆိုတော်ဆီးရဲလ်တို့ဟာ ၂၀၁၀ ခုနှစ် စက်တင်ဘာလက Secrets လို့ အမည်ရတဲ့ ဗီဒီယိုသီချင်းခွေတစ်ခွေထွက်ခဲ့ပါသေးတယ်။ ဒီအခွေဟာ လူကြိုက်များခဲ့ပြီး ဂရမ်မီဆုဆွတ်ခူးခဲ့တယ်လို့ သိရပါတယ်။ အဆိုတော် ဆီးရဲလ်ဟာ Commitment လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်သစ် ထွက်ဖို့လည်း ရှိပါတယ်။ ဒီအယ်လ်ဘမ်ဟာ အဆိုတော် ဆီးရဲလ်ရဲ့ခြောက်ခုမြောက် အယ်လ်ဘမ်ဖြစ်ပါတယ်။* ***(အင်တာနက်)***

# အဆိုတော်ဂျပ်စတင်ဘီဘာ ထရီဘက်ကာရုပ်ရှင်ပွဲတော်၌ သီဆိုမည်

လော့စ်အိန်ဂျလိစ် ဧပြီ ၈

*ကမ္ဘာကျော် လူငယ်အဆိုတော် ဂျပ်စတင်ဘီဘာ (အောက်ပုံ) ဟာ နယူးယောက်မှာ ကျင်းပမယ့် (၁၁)ကြိမ်မြောက် ထရီဘက်ကာရုပ်ရှင်ပွဲတော်မှာ သွားရောက်သီဆို ဖျော်ဖြေမယ်လို့ တာဝန်ရှိသူတွေက ပြောပါတယ်။ ဒီရုပ်ရှင်ပွဲတော်မှာ အဆိုတော် ဂျပ်စတင်ဘီဘာလည်း ဆုတစ်ဆုဆွတ်ခူးနိုင်မယ်လို့ဆိုပါတယ်။*

*ဒီထရီဘက်ကာရုပ်ရှင်ပွဲတော်ကို လာမယ့်ဧပြီ ၂၃ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ပွဲတော်ဟာ ရုပ်ရှင်ပွဲတော်ဆိုပေမယ့် စာအုပ်ပြပွဲတွေ၊ မီဒီယာပြပွဲတွေ၊ ဂီတပြပွဲတွေ၊ ရုပ်သံနဲ့သတင်းပြပွဲတွေပါဝင်မှာဖြစ်ပါတယ်။*

*ဒီထရီဘက်ကာ (Tribeca)က ရုပ်ရှင်ပွဲတော်မှာ အကောင်းဆုံးဂီတဆုတွေ ချီးမြှင့်သွားဖို့ရှိပါတယ်။ ဧပြီ၂၇ရက်မှာ ဆုပေးပွဲအစီအစဉ်ကျင်းပဖို့ ရှိပါတယ်။ အဆိုတော်ဂျပ်စတင်ဘီဘာဟာ ဒီပွဲတော်မှာ Global Superstar အဖြစ် အသိအမှတ်ပြုခံရပြီး ၎င်းရဲ့မန်နေဂျာ စကူတာဘရန်းနှင့်အတူ ဆုတက်ရောက်လက်ခံရယူမယ်လို့ ဆိုပါတယ်။ စာရေးဆရာ ဒါနီကာနက်မန်းက Thinking Fast and Slow စာအုပ်နဲ့ Book of the Year ဆု တက်ရောက်လက်ခံမယ်လို့သိရပါတယ်။*

(အင်တာနက်)

AMAZING TIME Travels & Tours

အထူး Discount ရှိပါသည်

(Flight)

PH : 01-503196/09 73120852/09 43064845

ရွှေနဂါး
PH : 09-73167000
09-73168000

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ကျော်ဇင်လင်း CDC 7109 သည် ၄-၄-၂၀၁၂ ရက် မင်္ဂလာဒုံ လေဆိပ်(ပြည်ပဆိုက်ရောက်)တွင် သင်္ဘော သား မှတ်ပုံတင်စာအုပ်(SID) ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ **(ကျေးဇူးဆပ်ပါမည်)**
**ဖုန်း-၀၉-၄၃၀၄၁၅၇၁၊ ၀၉-၇၃၀၄၄၆၃၇**

**သားအဖြစ်မှစွန့်လွှတ်ခြင်း**

ဦးမြစိန် ၁၂/ဥကတ(နိုင်)၁၂၁၄၂၂၊ ဒေါ်သိန်းအေး ၁၂/ဥကတ(နိုင်)၁၂၁၄၂၃၊ တို့၏သား မောင်စည်သူဖြိုး ၁၂/ဥကတ (နိုင်)၁၅၇၇၀၈ သည် မိဘများကို စိတ် သောကပေးပါသဖြင့် ယနေ့မှစ၍ သား အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။
**ဦးမြစိန်-ဒေါ်သိန်းအေး**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(စက်မှုဇုန်-၁)၊ မြေကွက်အမှတ် ၁၈၁ နှင့် ၁၈၂၊ ဦးအိုက်ပန်း ၁၂/ကမရ (နိုင်)၀၅၂၀၀၅ အမည်ပေါက် မြေငှား စာချုပ်(မူရင်း)နှစ်စောင် ပျောက်ဆုံးနေ ပါသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ် ပေးပါရန် အမည်ပေါက် ဦးအိုက်ပန်း ကိုယ်တိုင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါ သည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီး ဌာနသို့ လာရောက်ပြီး သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်း များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် မူရင်းနှစ်စောင်အား ပယ်ဖျက်၍ မြေငှား စာချုပ်(မိတ္တူမှန်)ထုတ်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

ယတြာမင်း

**သင်္ကြန်ရေပက်ခံကား**

Townace Light Truck
ငှားရန်ရှိသည်။
တစ်ရက် ၁၄၀၀၀၀ိ/-(ညှိနှိုင်းနိုင်)
**ဆက်သွယ်ရန်-၀၉-၇၃၀၀၉၉၈၂**

**ချယ်ရီ**

QQ3 လိုင်စင်အနီပြောင်းပြီး၊ ကျပ်၁၄စသိန်းဖြင့်ရောင်းမည်။ (အရှုပ် အရှင်းကင်း၊ အလျှော့အတင်းရှိ)၊ ဝယ်မည့်သူသာ ဆက်သွယ်ပါ။
**ဖုန်း-၀၉-၄၁၉၈၂၃၂၁၊**
**၀၉-၄၁၉၈၄၅၅၅**

**ဖခင်အမည်မှန်**

အထက မြစ်ကျိုး၊ စတုတ္ထတန်းမှ မအိမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးနိုင် ၁၃/လရန(နိုင်)၁၀၃၇၄၅ ဖြစ်ပါသည်။


နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မှ တက္ကသီလဓမ္မာစရိယ **(B.A Buddhist)**ဘွဲ့တံဆိပ် တော်ရ သန်လျင်မြို့ ဗိုလ်ချုပ် ရွာ သုဓမ္မာကျောင်းတိုက်မှ အရှင်သူရိယအား ဂုဏ်ပြု ပူဇော်ပွဲကို မတ် ၂၉ ရက်က ရွာသစ် အားကစားကွင်း မဏ္ဍပ်၌ကျင်းပရာ ဆရာတော် အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(၀၄၉)

# ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၈**

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျိုင်းတုံမြို့ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဖြူဖြူ ညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးက ၂၀၁၁ ခုနှစ် နှစ်ပတ်လည်အစည်း အဝေးလမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်နှင့် မိုင်းဖြတ်ခရိုင် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌများက အဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြကာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**



**အစည်းအဝေးကျင်းပ**

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

## ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

**ထစ်ချုန်းမိုး**
**(၈-၄-၂၀၁၂)**

**နေပြည်တော် ရန်ကုန် မြို့နှင့် မန္တလေး မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုး ထစ်ချုန်းရွာနိုင် သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ် သည်။**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ် သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်-**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ် စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေး သူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံး ပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း သဘာဝဘေးအန္တရာယ်သတင်း**

## ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ ပြိုကျ

**ကြံခင်း ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်း မြို့နယ် နေရာအနှံ့အပြားတွင် ဧပြီ ၄ရက် ညနေ ၄နာရီ ၁၅ မိနစ်ခန့်က ရုတ်တရက် မိုးရွာသွန်းမှုနှင့်အတူ လေပြင်းများ တိုက်ခတ်ခဲ့ရာ ရေနံတောင်ကျေးရွာ အုပ်စု ရေနံတောင်ရွာ(အရှေ့ပိုင်း)နှင့် အေးချမ်းမာလာ(ရွာသစ်)တွင် လူနေအိမ် ၁၅လုံး၊ ကွင်းယားကြီးရွာတွင် နေအိမ် နှစ်လုံး၊ ကျည်တိုင်ကွင်းကျေးရွာတွင် နေအိမ်တစ်လုံး၊ ငွေးတောက်ကုန်းရွာတွင် နေအိမ်နှစ်လုံး၊ ရေငံကျေးရွာတွင် နေအိမ်ခြောက်လုံး၊ စုစုပေါင်းလူနေအိမ် ၂၆ လုံး ပြိုကျသွားခဲ့ပြီး ၎င်းကျေးရွာ များရှိ လူနေအိမ် ၂၅ လုံးအပြင် ဆန်စက် တစ်လုံး၊ ဓမ္မာရုံတစ်ရုံနှင့် ရေငံရွာမူလ တန်းကျောင်း(ခွဲ)တို့မှ အမိုးသွပ်နှင့် မြားတန်းများ **(ယာပုံ)** လွင့်ပါပျက်စီး သွားသည်။

လေဘေးသင့်ဒေသသို့ ကြံခင်း မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မီးသတ်တပ်ဖွဲ့နှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လေဘေးသင့်အိမ်ထောင်စု ၂၆ ခုမှ အိမ်ထောင်စုဝင်၁၀၅ ဦးတို့အား ဆန် များဝေငှပြီး လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူနှင့် ကျွဲနွားများ သေဆုံးမှုမရှိကြောင်း သိရှိရ သည်။ (၀၆၉)

## မိုးသက်လေပြင်းကျ၍ လမ်းမီးတိုင် ထက်ပိုင်းပြတ်

**စစ်ကိုင်း ဧပြီ ၈**

စစ်ကိုင်းမြို့နယ်၌ ဧပြီ ၇ ရက် ည ၈ နာရီ ၁၅ မိနစ်က မိုးသက်လေပြင်း ကျရောက်မှုကြောင့် ပိုးတန်းရပ်ကွက်ရှိ ကွန်ကရစ် လမ်းမီးတိုင်တစ်တိုင် ထက်ပိုင်း ပြတ်ထွက်ခဲ့ပြီး သက်တမ်းရင့်ညောင်ပင် တစ်ပင် လမ်းပေါ်သို့ကျိုးကျခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး မြို့နယ်လျှပ်စစ် အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများ၊ သန္ဒေနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ စုပေါင်းကာ လျှပ်စစ်မီး အမြန်ဆုံးပေးနိုင်ရေးအတွက် မီးကြိုးနှင့် မလွတ်ကင်းသည့်သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိ ရသည်။ **(၁၄၀)**

**❐ ကျောဖုံးမှ**

ကျူပီအာမှ ဒါရင်ကစားပုံ ကြမ်းတမ်းသဖြင့် အနီကတ်ပြ ထုတ်ခံခဲ့ရသည်။ မန်ယူတို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ရာ ရွှန်းနေကန်သွင်းယူခဲ့သဖြင့် ဂိုးစတင် ရရှိခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ၆၈ မိနစ်၌ ပေါလ်စခိုးက ကျူပီအာဂိုးနှင့် ၂၅ ကိုက်အကွာမှ ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံ မသွင်းနိုင်ခဲ့သဖြင့် မန်ယူတို့က နှစ်ဂိုး ပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်နှင့်မန်စီးတီးတို့ပွဲတွင် အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး မန်ယူက မန်စီးတီးထက် ရှစ်မှတ်အသာရ၍ ဇယားထိပ်မှ ဦးဆောင်နေသည်။ **(အင်တာနက်)**

ထူးထူးခြားခြားလေလံသတင်းများ ထူးထူးခြားခြားလေလံသတင်းများ ထူးထူးခြားခြားလေလံသတင်းများ ထူးထူးခြားခြားလေလံသတင်းများ

ကိုသစ္စာ — စုစည်းသည်

# တိုင်တန်းနစ်ရုပ်ရှင်ဇာတ်ကားမှ စိန်လည်ဆွဲ ကြမ်းခင်းဈေးဒေါ်လာ ၁၅၀၀၀ ဖြင့် လေလံတင်မည်

**လော့စ်အိန်ဂျလိစ် ဧပြီ ၈**

ဒါရိုက်တာဂျိမ်းကင်မရွန်း ရိုက်ကူးခဲ့သည့် ကမ္ဘာကျော်တိုင်တန်းနစ် ရုပ်ရှင်ဇာတ်ကားတွင် အသုံးပြုခဲ့သော အပြာရောင်စိန်လည်ဆွဲကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဧပြီ ၇ ရက်၌ သတင်းထုတ်ပြန်သည်။

သမုဒ္ဒရာထဲက အသည်းနှလုံးဟု အမည်ပေးထားသော ၎င်းစိန်လည်ဆွဲကို တိုင်တန်းနစ်ရုပ်ရှင်ကားရိုက်ကူးခဲ့စဉ်က ရုပ်ရှင်မင်းသမီးကိတ်ဝင်းစလက် ဝတ်ဆင်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)** အဆိုပါစိန်လည်ဆွဲသည် တိုင်တန်းနစ်ရုပ်ရှင်ကား၏ အဓိကဇာတ်ဝင်ခန်းပစ္စည်းတစ်ခုလည်းဖြစ်သည်။

ယင်းစိန်လည်ဆွဲကို ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဖြင့် အွန်လိုင်းမှနေ၍ လေလံတင်မည်ဖြစ်ကြောင်း လေလံတင်ရောင်းချရေးအဖွဲ့က ပြောကြားသည်။ အဆိုပါစိန်လည်ဆွဲကို မက္ကဆီကို ဒီဇိုင်းပညာရှင် ဒင်နီရယ်အီပင်နိုဆာက ဖန်တီးပြုလုပ်ထားခြင်းဖြစ်သည်။

၎င်းစိန်လည်ဆွဲကို ကမ္ဘာတစ်ဝန်းမှ လေလံဆွဲမည့်သူ အများအပြားရှိနေကြောင်း၊ တန်ဖိုးကြီးမားသည့် လေလံကြေးပမာဏရရှိမည်ဖြစ်ကြောင်း လေလံရောင်းချရေးအဖွဲ့က ခန့်မှန်းထားသည်။

**(အင်တာနက်)**

# ဟော်ကီအားကစားဂျာစီအင်္ကျီတစ်ထည် လေလံပွဲ၌ ဒေါ်လာတစ်သန်းကျော်ရရှိခဲ့

**တိုရွန်တို ဧပြီ ၈**

ကနေဒါနိုင်ငံသား ဟော်ကီကစားသမား ပေါလ်ဟန်ဒါဆင်၏ အားကစားဂျာစီတစ်ထည်ကို လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ရရှိခဲ့ပြီး ကမ္ဘာ့ဈေးအမြင့်ဆုံးဂျာစီအင်္ကျီအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဧပြီ ၇ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အဆိုပါ အားကစားဂျာစီအင်္ကျီကို ၁၉၇၂ ခုနှစ်က ကျင်းပခဲ့သော ကမ္ဘာ့ဟော်ကီပြိုင်ပွဲ၌ ပေါလ်ဟန်ဒါဆင်က ပြိုင်ဘက် ဆိုဗီယက်အသင်းကို နောက်ဆုံးအနိုင်ဂိုးသွင်းယူခဲ့သည့်ပွဲ၌ ဝတ်ဆင်ကစားခဲ့ခြင်းဖြစ်သည်။

ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့အခြေစိုက် လေလံတင်ရောင်းချရေးကုမ္ပဏီက ပေါလ်ဟန်ဒါဆင်၏ဂျာစီအင်္ကျီရောင်းချမှုငွေသည် ဂျာစီအင်္ကျီရောင်းချမှုသမိုင်း၌ အမြင့်ဆုံးစံချိန်ပင်ဖြစ်ကြောင်း ပြောကြားသည်။၎င်းကုမ္ပဏီအနေဖြင့် ကမ္ဘာ့ဈေးအမြင့်ဆုံး ဂျာစီအင်္ကျီရောင်းချမှုအတွက် ဂင်းနက်စ်မှတ်တမ်းစံချိန်အဖွဲ့က အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်း လာရောက်ချီးမြှင့်ခဲ့သည်။

**(အင်တာနက်)**

# ရှားပါးရွှေရောင်တိုက်ငါး လေလံတင် အမေရိကန်ဒေါ်လာ ၃၈၀၀၀ ခန့်ရရှိ

**ပေကျင်း ဧပြီ ၈**

တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အလွန်ရှားပါးသော ရွှေရောင်တိုက်ငါး တစ်ကောင်ကို အမေရိကန်ဒေါ်လာ ၃၈၀၀၀ဖြင့် ဧပြီ ၆ ရက်က ဝယ်ယူသွားခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် ဈေးအမြင့်ဆုံးရရှိသည့် ရွှေရောင်တိုက်ငါးအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံရသည်ဟု ဧပြီ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟောင်ကောင်တွင် ကျင်းပမည့် ရှားပါးငါးလေလံတင်ရောင်းချပွဲ၌ အမည်မဖော်လိုသူ တရုတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အလေးချိန် ၃၇ ကီလိုဂရမ်ရှိသော ၎င်းရွှေရောင်ငါးကို ဈေးနှုန်းအမြင့်ဆုံးပေးကာ ဝယ်ယူသွားခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

**ဖော်ပြခံရ**

အဆိုပါ ရွှေရောင်တိုက်ငါးကို ဘင်္ဂလားပင်လယ်အော်အတွင်းမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းရွှေရောင်တိုက်ငါးမျိုးစိတ်မှာ စုစုပေါင်း လေးမျိုးသာရှိသည်။

**(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

➤ အာကာကျော် — စုစည်းသည် ➤

# အင်တာနက်မျက်မှန် ဂူဂဲမှထုတ်လုပ်ပြီ

**နယူးယောက် ဧပြီ ၈**

ကမ္ဘာကျော် internet search အင်ဂျင်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဂူဂဲကုမ္ပဏီက Project Glass ဟုအမည်ပေးထားသည့် အင်တာနက်မျက်မှန်တစ်မျိုးကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၇ ရက်က အင်တာနက်စာမျက်နှာတွင် ရေးသားဖော်ပြသည်။

အဆိုပါအင်တာနက်မျက်မှန်သည် တပ်ဆင်ထားစဉ်အတွင်း အင်တာနက်နှင့် ချိတ်ဆက်အသုံးပြုနိုင်သည်။ ထို့အပြင် အင်တာနက်မျက်မှန်တပ်ဆင်ထားသူသည် မိမိသွားရောက်မည့်နေရာများကို အင်တာနက်မျက်မှန်မှတစ်ဆင့် ကြိုတင်မြင်ရသည်ဟုဆိုသည်။ **(အပေါ်ပုံ)**

အင်တာနက်မျက်မှန်တပ်ဆင်ထားသူတစ်ဦးတစ်ယောက်သည် သူငယ်ချင်းများနှင့် ဗီဒီယိုမှ တစ်ဆင့် Chating ပြောဆိုနိုင်သည်။ ဓာတ်ပုံများလည်းရိုက်နိုင်သည်။ အင်တာနက်မျက်မှန်တပ်ဆင်ပြီး လှည့်လည်သွားရာလမ်းတစ်လျှောက် အွန်လိုင်းစနစ်သုံး၍ ဈေးလည်းဝယ်နိုင်သည်။

အဆိုပါအင်တာနက်မျက်မှန်သည် လိုအပ်ပါက Smartphone တစ်ခုအဖြစ်လည်းကောင်း၊ Tablet Computer တစ်လုံးအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်ဟုဆိုသည်။

ဂူဂဲကုမ္ပဏီက အဆိုပါအင်တာနက်မျက်မှန်ကို ထုတ်လုပ်နိုင်ရေး နှစ်နှစ်ကြာအောင် ကြိုးစားခဲ့ရပြီး မကြာမီဈေးကွက်များအတွင်း တင်ပို့ရောင်းချရန်ပြင်ဆင်လျက်ရှိသည်။

ယင်းအင်တာနက်မျက်မှန်ကို တပ်ဆင်အသုံးပြုရာတွင် ညာဘက်မျက်လုံးရှေ့ရှိ ဗီဒီယိုစက္ကရင်မှ တစ်ဆင့် သတင်းအချက်အလက်များကို သိရှိနိုင်သည်ဟုဆိုသည်။ ယင်းစက္ကရင်ပေါ်တွင် မျက်မှန်တပ်ဆင်အသုံးပြုသူအား ကွဲပြားခြားနားသည့် icon ၁၄မျိုးကို တွေ့ရမည်ဖြစ်သည်။ မျက်မှန်တပ်လိုက်သည်နှင့် တပ်ဆင်ထားသူသည် ဦးစွာ ရာသီဥတုအခြေအနေ၊ ၄င်း၏တည်နေရာကို ဦးစွာသိရှိရမည်ဖြစ်သည်။

**(အင်တာနက်)**

# နိုကီယာဖုန်း၏သမိုင်း

**ဆလို(ဖင်လန်) ဧပြီ ၈**

ကမ္ဘာ့ဈေးကွက်အတွင်း အသုံးများလျက်ရှိသည့် နိုကီယာဖုန်းကို ဖင်လန်နိုင်ငံကထုတ်လုပ်သည်။ ဤဖုန်းထုတ်လုပ်ရေးစက်ရုံသည် ဖင်လန်နိုင်ငံတောင်ပိုင်း ဆလိုမြို့၌တည်ရှိသည်။ ၁၉၈၀ ပြည့်လွန်နှစ်များက စက်ရုံစတင်ထူထောင်သည်။ ကမ္ဘာတွင် ဆဲလ်ဖုန်းအများဆုံး ထုတ်လုပ်ခဲ့သည့်ကုမ္ပဏီဖြစ်သည်။ ယခုအခါ ဆလိုမြို့ကို ဒေသအာဏာပိုင်တို့က ဆယ်နှစ်ကြာပြုပြင်ခဲ့သဖြင့် နိုကီယာဖုန်းထုတ်လုပ်မှုကိုလည်း ထိခိုက်စေခဲ့သည်။ နိုကီယာက ၎င်း၏ဖုန်းထုတ်လုပ်ရေးလုပ်ငန်းများ တဖြည်းဖြည်း အာရှသို့ကူးပြောင်းထုတ်လုပ်ခဲ့သည်။ နိုကီယာနှင့်ဖင်လန်၊ ဖင်လန်နှင့် နိုကီယာသည်ခွဲခြားမရပေ။ အကြောင်းမှာ ဖင်လန်နိုင်ငံ၏ ပင်မစီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်နေခြင်းကြောင့်ပင်ဖြစ်၏။ ဆလိုမြို့သည် ဖင်လန်နိုင်ငံ၏ နိုကီယာဖုန်းများ အဓိကထုတ်လုပ်ရာမြို့ဖြစ်သည်။ မြို့ကိုပြုပြင်နေသဖြင့် နိုကီယာနှင့် ဆက်နွယ်နေသော အခြားသောဖင်လန်မြို့များသည်လည်း စီးပွားရေးထိခိုက်မှုရှိခဲ့သည်။ **(အပေါ်ပုံ)**

နိုကီယာသည် အက်ပဲလ်ကုမ္ပဏီက အိုင်ဖုန်း၊ ဆမ်ဆောင်းစမတ်ဖုန်းနှင့် ဂူဂဲမှ ဈေးပေါသော ဟမ်းဆက်များ အပြိုင်ထုတ်လာသဖြင့် နိုကီယာ၏ စီးပွားရေးမှာလည်းကျဆင်းခဲ့ရသည်။ ဂျာမနီ၊ ဟန်ဂေရီနှင့် ရိုမေးနီးယားတို့ရှိ နိုကီယာဖုန်းထုတ်လုပ်ရေးစက်ရုံများ ပိတ်သိမ်းခဲ့ရသည်။

နိုကီယာသည် ၁၉၈၀ ပြည့်လွန်နှစ်များက စက္ကူထုတ်လုပ်ရေးစက်ရုံ တစ်ရုံမျှသာဖြစ်သည်။ ထို့နောက် ရော်ဘာထုတ်ကုန်ပစ္စည်းများနှင့် ကေဘယ်ကြိုးများ၊ ရုပ်မြင်သံကြားစက်များ ထုတ်လုပ်ခဲ့သည်။

၁၉၈၉ ခုနှစ်တွင် နိုကီယာက ဒေသဆိုင်ရာရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းပြီး နိုကီယာမိုဘိုင်းလ်ဖုန်းများ စတင်ထုတ်လုပ်ရေး ကြိုးစားခဲ့သည်။ နှစ်နှစ်အကြာတွင် ပထမဆုံးသော Nokia Mobile Phone ကို စတင်ထုတ်လုပ်ခဲ့သည်။ နိုကီယာသည် ဖင်လန်နိုင်ငံ၏ အကြီးဆုံးလုပ်ငန်းကြီးဖြစ်သည်။ အလုပ်သမား ထောင်ပေါင်းများစွာတို့အား အလုပ်အကိုင်များပေးနိုင်ခဲ့သည်။ ယခုအခါ ဆလိုမြို့တွင် နိုကီယာအလုပ်သမား ၁၂၀၀၀ အထိရှိသည်။ နိုကီယာက တရုတ်နိုင်ငံတွင် စက်ရုံကြီးနှစ်ရုံ၊ တောင်ကိုရီးယားနှင့် အိန္ဒိယတို့တွင် တစ်ရုံစီဖွင့်လှစ်ထားသည်။ နိုကီယာသည် ဥရောပမှ အာရှသို့ကူးပြောင်းသည့် နောက်ဆုံး ဖုန်းစက်ရုံဖြစ်သည်။ ၎င်းမတိုင်မီက ဆမ်ဆောင်း၊ မော်တိုရိုလာနှင့် ဆိုနီအဲရစ်ဆင်တို့ အာရှဒေသအနှံ့သို့ ကူးပြောင်းဖွင့်လှစ်ခဲ့ကြသည်။

**(အင်တာနက်)**

# ဆမ်ဆောင်း Smartphone များ ရောင်းအားနှစ်ဆမြင့်တက်

**ဆိုးလ် ဧပြီ ၈**

ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီမှ ထုတ်လုပ်သည့် Smart phoneများ ယခုနှစ် ပထမဆုံးလအတွင်း ဆက်လက်ရောင်းအားမြင့်တက်နေခဲ့သဖြင့် အမြတ်နှစ်ဆတိုးလာမည်ဟု ခန့်မှန်းထားကြောင်း ၎င်းကုမ္ပဏီက ဧပြီ ၆ ရက်တွင် ကြေညာသည်။အဆိုပါ သုံးလအတွင်း ဆမ်ဆောင်းကုမ္ပဏီ၏အမြတ်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ဘီလီယံရှိမည်ဟု ၎င်းကုမ္ပဏီကပြောကြားသည်။ ဆမ်ဆောင်းကုမ္ပဏီသည် ကမ္ဘာပေါ်တွင် Smartphone ရောင်းအားအကောင်းဆုံးကုမ္ပဏီ ဖြစ်သည်။ ဆမ်ဆောင်းနှင့် အက်ပဲလ်တို့သည် ကမ္ဘာပေါ်တွင် ဟမ်းဆက်များ အပြိုင်ထုတ်လုပ်နေသည့်ကုမ္ပဏီများဖြစ်သည်။ **(ဝဲပုံ)**

**(အင်တာနက်)**

# ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ ထော်ပိုင်ချောင်းတံတားဖွင့်

## တည်ဆောက်ပြီး လမ်းကွန်ရက်များနှင့်ချိတ်ဆက်၍ နိုင်ငံတစ်ဝန်း ချောမွေ့စွာ အပြန်အလှန်သွားလာနိုင်မည်

## ဒေသထွက်သီးနှံများ၊ ရေထွက်ကုန်ပစ္စည်းများကို အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်တော့မည်

နေပြည်တော် ဧပြီ ၈

ထော်ပိုင်ချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်၌တည်ရှိပြီး တံတားအမျိုးအစားမှာ M.S Pipe နှင့် Group Pile အုတ်မြစ်အမျိုးအစားဖြစ်ကာ ကိုယ်ထည်မှာ သံကူကွန်ကရစ်၊ အပေါ်ထည်မှာ ဘေလီ+သစ်သားကြမ်းခင်း အမျိုးအစားဖြစ်သည်။ စုစုပေါင်းတံတားအရှည် ပေ ၄၃၀၊ တံတားအကျယ် ၁၃ ပေ ၆ လက်မ ကျယ်ဝန်းပြီး တံတားခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်သည်။

**တက်ရောက်**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၃)က တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် (၁၃)စင်းမြောက်ဖွင့်လှစ်သော ထော်ပိုင်ချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်/ခရိုင်အဆင့်/မြို့နယ်အဆင့်တို့မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ အင်အား ၃၅၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော ထော်ပိုင်တံတားသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပါဝင်သော လမ်းအမှတ်(၆) ဖြစ်သည့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း၊ မိုင်တိုင်(၂၆/၃) ရှိ တံတားတစ်စင်းဖြစ်ကြောင်း။

ဘိုကလေးမြို့နယ် တောင်ဘက်စွန်းပင်လယ်ကမ်းရိုးတန်းရှိ အမာမြို့နယ်ခွဲ အပါအဝင် ကျေးရွာအုပ်စုများသည် ယခင်က ဘိုကလေးမြို့နှင့် ဆက်သွယ်သွားလာရာတွင် ရေကြောင်းခရီးဖြင့်သာ သွားလာခဲ့ရကြောင်း၊ မိုးရာသီဆိုလျှင် လှိုင်း၊ လေများကြားမှ အသက်စွန့်ပြီး သွားလာခဲ့ရသည့် ဒေသများဖြစ်ကြောင်း၊ ၁၉၉၁ ခုနှစ်တွင် ဖျာပုံ-ကျုံကဒွန်း-အမာလမ်း၊ ကျုံကဒွန်း-စက်ဆန်းလမ်းကို ဖောက်လုပ်ခဲ့၍ ဘိုကလေးမြို့သို့ သွားလာလိုလျှင် ဖျာပုံမြို့မှ ကွေ့ပတ်သွားလာရသည့်အတွက် အချိန်များစွာပေးပြီး သွားလာခဲ့ရကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းမရှိသည့်အတွက် ၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဤဒေသရှိ စာမျက်နှာ ၃ ကော်လံ ၁ ●

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်တို့ ထော်ပိုင်ချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။
(သတင်းစဉ်)

## မြန်မာ့အလင်း သကြၤန်အကြိုမြင်ကွင်း သတင်းပဒေသာ

### သူတို့တွေ သင်္ကြန်ကာလ ဘယ်လိုဖြတ်သန်းကြမလဲ

ရန်ကုန် ဧပြီ ၈

**သင်္ကြန်ရက်များအတွင်း ပြည်သူတို့ချစ်သော အနုပညာရှင်များ၏ ဖြတ်သန်းမှုများကို သိရှိနိုင်စေဖို့ ဆက်သွယ်သွားရောက်မေးမြန်းထားချက်များကို အနုပညာချစ်ပရိသတ်များသိရှိစေရန် မြန်မာ့အလင်းမှ ရေးသားဖော်ပြပေးလိုက်ပါတယ်။**

**အကယ်ဒမီ လူမင်း**

**မေး။** ကိုလူမင်းအနေနဲ့ ၂၀၁၂ ခုနှစ် သင်္ကြန်ကို ဘယ်လိုဖြတ်သန်းမယ်လို့ စိတ်ကူးထားပါသလဲ။

**လူမင်း။** သင်္ကြန် ရောက်တာနဲ့ အားလုံးက ပျော်နေကြပြီပဲလေ။ ဒီနှစ်သင်္ကြန်မှာတော့ မိသားစုနဲ့အတူ နေအိမ်မှာပဲ အေးအေးဆေးဆေး နေမယ်လို့ စိတ်ကူးထားတယ်။ အရင်နှစ်တွေ ကဖိတ်ကြားထားတဲ့ မဏ္ဍပ်တွေမှာ သီချင်းလေးတွေ ဆိုဖြစ်ခဲ့တယ်။ ဒီနှစ်တော့ ပြောထားတာလေးတွေ ရှိနေပေမယ့် အိမ်မှာပဲ နေဖြစ်ဖို့များတယ်။

အကယ်ဒမီ ပြေတီဦး

အကယ်ဒမီ လူမင်း

ဝိုင်းစုခိုင်သိန်း

ဆက်လက်ပြီး (၁၉) နှစ်သက်တမ်းရှိပြီးဖြစ်တဲ့ အမေများအဖွဲ့ရဲ့ ခေါင်းဆောင် အန်တီဒေါ်နွဲ့နွဲ့စမ်းအား သင်္ကြန်တွင်းအစီအစဉ်များကို မေးမြန်းကြည့်ခဲ့ရာ-

**အမေများအဖွဲ့**

**ဒေါ်နွဲ့နွဲ့စမ်း။** ဒီနှစ်ကိုအမေတို့ ရန်ကုန်ရော၊ နေပြည်တော်ရော၊ မန္တလေးရောရှိမယ်။ ရန်ကုန်မှာက အကြိုနဲ့ အကျနှစ်ရက်နေပြီး နေပြည်တော်မှာ အကြတ်နေ့နဲ့ မန္တလေးမှာ အတက်နေ့ ဖျော်ဖြေမယ်။ အမေများအဖွဲ့အနေနဲ့ အခုလို မဏ္ဍပ်တွေမှာ လိုက်လံဖျော်ဖြေခဲ့တာ အခုဆိုရင် (၁၉)နှစ်ရှိပါပြီ။ အားလုံး သင်္ကြန်ရောက်ခါနီးရင်



**အမေးအရေး - သွန်းဝဿန်**

ပျော်နေကြပြီး အခု သင်္ကြန်မတိုင်ခင်မှာလည်း ခင်မင်ရင်းနှီးတဲ့ အနုပညာရှင်တွေက ဖိတ်ကြားတဲ့အခါ အဖွဲ့လိုက် သွားရောက်ဖျော်ဖြေပေးခဲ့သေးတယ်။

မကြာမီကမှ အကယ်ဒမီဆုကြီးကို ရရှိခဲ့သူ အကယ်ဒမီ ပြေတီဦးနှင့် ဇနီးဖြစ်သူ စာမျက်နှာ ၆ ကော်လံ ၅ *

## နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။ ဧပြီ ၂၁ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## နိုင်ငံတကာအားကစား

**မောင်မောင်မြင့်ဆွေ - ရေးသားသည်**

### မန်ယူတို့ အိုးထရက်ဖို့ဒ်ကွင်း၌ နိုင်ပွဲရရှိ

မန်ယူတိုက်စစ်မှူး ရွန်းနေ ကျူပီအာဘက်သို့ ဂိုးသွင်းယူစဉ်။

လန်ဒန် ဧပြီ ၈

ပရီမီယာလိဂ်ပွဲစဉ် (၃၂) ကို ဧပြီ ၈ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူနှင့် ကျူပီအာတို့ပွဲတွင် မန်ယူက အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး တန်းစီဇယားကို ထိပ်ဆုံးမှ ဆက်လက် ဦးဆောင်နေဆဲဖြစ်သည်။

ကျူပီအာတို့ မန်ယူကို ခြေရည်တူကစားနိုင်သော်လည်း မန်ယူတို့က နိုင်ပွဲရလိုမှုစိတ်ဓာတ်ဖြင့် ကစားကွက်ကိုထိန်းပြီး တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၁၄ မိနစ်၌ စာမျက်နှာ ၁၂ ကော်လံ ၂ ❐

**အချပ်ပို (၄)မျက်နှာပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှု အခြေအနေ အချပ်ပို (၄)မျက်နှာ ပါရှိပါသည်။**